www.burmeseclassic.com

# ဘာလို့မှာပုံပြင်များ

ဝင်းရွှေနောင်

ရေကြောက်သောဆင်နှင့်လိပ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၃၀)(၉၇)(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၃)(၉၇)(၉)

ပုံနှိပ်ခြင်း * ပထမအကြိမ်
ထုတ်ဝေသည့်လ * ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ * ၅၀၀
တန်ဖိုး * ၂၀၀ ကျပ်

မျက်နှာဖုံးပုံနှိပ်သူ * ဦးကျော်စိန်(မြ ၀၂၉၀၉)
ကျော်စိမ်းအော့ဖ်ဆက်၊
အမှတ် ၁၇၁။ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ * ဒေါ်မမ(မြ ၀၂၁၅၃)
အောင်ဥက္ကလာပုံနှိပ်တိုက်၊
၁၄၃၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ * ဦးကြည်ဝင်း(မြ ၀၁၀၂၉)
ဝင်းစာပေ၊ ၃၄၀၊ ဗညားဒလလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | မိခင်မေတ္တာ တုမနှိုင်းသာ | ၅ |
| ၂။ | ဟာသဉာဏ်ရွှင်သော ပညာရှိအမတ် | ၁၃ |
| ၃။ | လင်းနို့ တို့ရဲ့စွမ်းရည် | ၁၆ |
| ၄။ | မိတ်စစ်နှင့်မိတ်တု | ၂၂ |
| ၅။ | မော်ကြွားတဲ့သိုင်းအမှား | ၃၁ |
| ၆။ | ကိုယ့်အတိုင်းအတာနှင့်ကိုယ် | ၃၉ |
| ၇။ | ကိုယ့်ရှုံးကိုယ်ပတ် | ၄၃ |
| ၈။ | ရေကြောက်တဲ့စုဋ္ဌလိပ် | ၄၇ |
| ၉။ | သူများမကောင်းကြံကိုယ်ပဲခံ | ၅၃ |
| ၁၀။ | နှင့်ကိုကျွေးတာ | ၅၉ |
| ၁၁။ | ငါးတို့ရဲ့ကမ္ဘာ | ၆၅ |
| ၁၂။ | မြစ်တစ်ဖက် ဝက်လက်တင် | ၇၁ |
| ၁၃။ | အကြံဉာဏ်ကောင်းတဲ့မင်းသားလေး | ၇၇ |
| ၁၄။ | သမက်ပြောသောစကား | ၈၃ |
| ၁၅။ | သူများမနာလို ကိုယ်အကျိုးယုတ် | ၈၉ |
| ၁၆။ | ဆိတ်ဆိတ်နေ့တောင်တန် | ၉၃ |


www.burmeseclassic.com

www.burmeseclassic.com

# ဖခင်မေတ္တာ တုမနှိုင်းသာ

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဦးသင်၊ ဒေါ်မျှင်ဆိုတဲ့ လင်မယား နှစ်ယောက်ရှိကြတယ်။

သူတို့မှာ သမီးလေးဥမ္မာနဲ့ သားကြီး ဝဏ္ဏ ဆိုတဲ့ သားသမီး နှစ်ယောက် စုစုပေါင်းမိသားစု လေးယောက်နေထိုင်ကြသတဲ့။

သမီးငယ် ဥမ္မာဟာ လိမ္မာရေးခြားရှိသလောက် ဝဏ္ဏသာ မလိမ္မာဘူး၊ မမှန်ကန်တဲ့ အပေါင်းအသင်းတွေ သွားပြီး ပျက်စီးချင်တိုင်း ပျက်စီးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

# မိခင်မေတ္တာ တုမနှိုင်းသာ



www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာ စားသောက်ပြီး မူးယစ် ရမ်းကားတယ်၊ လူကြီးသူကြီးမှန်းမသိ ဆဲရေးတိုင်းထွာတယ်၊စော်ကားတယ်။

မိန်းမပျိုလေးတွေ တွေ့ရင်လည်း နှမချင်းမစာနာ ပြောဆိုတတ်တယ်၊ မူးရူးပြီး ဆဲလား ရမ်းလား လုပ်တတ်တယ်။

ကြီးသူကို မထီလေးစား ဆက်ဆံ တတ်တယ်၊ ငယ်သူကို အနိုင်ကျင့်တယ်။

ဝဏ္ဏရုပ်လေးသန့်ပြန့်သလောက် စရိုက်ကြမ်းနေတဲ့အတွက် လူကောင်းတွေက မပေါင်းကြဘူး၊ ဝေးဝေးကနေ ရှောင်ရှားကြတယ်။

ဝဏ္ဏနဲ့ ပတ်သက်ပြီး မိဘတွေဆီ အတိုင်အတောခံရပေါင်းလည်း များလှရှလို့ ကိုးလှပြီ။

ဖခင်ကြီးဟာ ဝဏ္ဏကို ရိုက်နှက်ပြီး ဆုံးမတတ်တယ်။

ဒါပေမယ့် ဝဏ္ဏဟာ ပမ္မာပါဘော့မယ်၊ နောက်ကို ဘယ်တော့မှ မရိုက်တော့ပါဘူးလို့ ဘယ်တော့မှမပြောဘူး။

မိခင်နှင့် အမြဲတမ်း ထိတွေ့နေတဲ့အတွက် မိခင်ရဲ့ ဆုံးမစကားကို ချော့ချည်တစ်ဖုံ၊ခြောက်ချည်တစ်သွယ်နှင့် သားကို လိမ္မာလာစေဖို့ အမြဲတမ်း နားသွင်းတယ်။

ဒါပေမယ့်....

မွေးကတည်းက မွေ့ဆိုး ပါလာတဲ့ သားကို ဘယ်လိုမှ ဆုံးမလို့ မရပါဘူး၊ ဆိုးမြဲဆိုး မိုက်မြဲမိုက်နေ လျက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

'ပင်ကျရေ တစ်ခွက်သောက် ဘဝဂ်ရောက်အောင် မူးပါ့ သလေ့၊ အော့....ဝေါ့'

ထန်းတဲတွေမှာလည်း အပေါင်းအသင်းတစ်စုနဲ့ လူမှန်း သူမှန်းမသိအောင် မူးနေတတ်တယ်၊ အိမ်ကိုလည်း မပြန်ဘူး၊ ရွာစဉ်လှည့်ပြီး ကြက်တိုက်ချင်တယ်။

နွားပွဲ လုပ်ချင်လုပ်နဲ့ အလောင်းအစားကလည်း ဖက် သေးတယ်။

'အစ်ကို အိမ်ကိုပြန်လာပါ၊ အမေနဲ့အဖေကလဲ အစ်ကို့ အတွက်နဲ့ စိတ်ဆင်းရဲလှပြီ၊ အစ်ကို့ကို မကျေနပ်တဲ့လူတွေက များနေလို့ အစ်ကိုတစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်နေကြတယ်'

ညီမလေးဥမ္မာက အစ်ကိုနဲ့ ဆုံလို့ တောင်းပန်တဲ့အခါ....

'ညီမလေး.... အဖေနဲ့ အမေဟာ အစ်ကို့ကို မုန်းနေကြ တာကွယ့်၊ ဆုံးမလို့မရတဲ့ သားသမီးမို့ ပြန်လာမှာတောင် စိုးရိမ်နေကြတာ'

'ကဲ....မိဘပဲ အစ်ကိုရယ်၊ ကိုယ့်သားသမီးကို မုန်းနိုင်ပါ့ မလား'

'အို....ညီမလေး ဘာမှ မသိပါဘူး၊ သူတို့က တကယ့်ကို ခါးခါးသီးသီး မုန်းနေကြတာ'

ဝဏ္ဏရဲ့တစ်ဖက်သတ်အယူအဆကိုပျောက်ပျက်သွားအောင် ဘယ်သူမှ မလုပ်နိုင်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ မမျှော်လင့်မိတဲ့ အဖြစ်အပျက်တစ်ခု ရောက်လာခဲ့တယ်။

ထန်းတဲတစ်ခုမှာ....

အပေါင်းအသင်းတစ်စုနဲ့ ထန်းရည် သောက်ကြရင်း သူတို့နဲ့ မလှမ်းမကမ်းမှာရှိနေကြတဲ့ တခြားအုပ်စုနဲ့ စကားများကြပါလေရော။

အဲ့ဒါကို ဝဏ္ဏက သူတစ်ယောက်တည်း တုတ်နဲ့ဝင်ရိုက်တယ်၊ ဟိုအကောင်ကလူ ခေါင်းကွဲသွားတာပေါ့။

ဝဏ္ဏရဲ့ အပေါင်းအသင်းတွေကလည်း အမှုအခင်း ဖြစ်လာရင် သက်သေ လိုက်ရမှာကြောက်လို့ ထွက်ပြေးကြတာပေါ့။

မနက်ကလည်း ရွာထဲက ကောင်မလေး တစ်ယောက်ကို လက်ဆွဲပြီး စကားပြောမိလို့ ကောင်မလေးရဲ့ မိဘတွေက ဝဏ္ဏရဲ့မိဘတွေကို လာတိုင်ကြသေးတယ်။

ခုတစ်ခါ....

ထန်းတောထဲမှာ ရန်ဖြစ်ကြလို့ ခေါင်းကွဲသွားတဲ့ ကိုယ့် အတိုင်ခံရပြန်တဲ့အခါ မိခင်ဟာ သိပ်ပြီးဒေါသထွက်သွားခဲ့တယ်။

'သား....သား၊ မိဘရဲ့အဆုံးအမ ကိုမခံဘူး တော်တော်ရိုက်တဲ့သား၊ သိကြသေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး မိခင်ဟာ သားရှိရာကို လိုက်သွားတယ်၊ သားကို လမ်းမှာတွေ့တော့....

'ဟဲ့....ဝဏ္ဏ၊ နင်ဟာ မိဘတွေအတန်တန်ဆုံးမနေတဲ့ အသံက ကမ်းကုန်အောင် မိုက်လုံးကြီးနေတယ်၊ ငါ့မိခင်အိုကြီးကိုလဲ နေ့တိုင်းစိတ်ဆင်းရဲအောင် လုပ်နေတယ်၊ ကျွဲခတ်သေပါစေတော့'

လို့ ကျိန်ဆဲလိုက်သတဲ့၊ မိခင်ကြီးကျိန်ဆဲလိုက်တဲ့ သားကို ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ကျွဲကြီးတစ်ကောင်က ကြားသွားတဲ့ အခါ....

'ဒီမိန်းမကြီးဟာသူ့ သားကိုကျိန်ဆဲလိုက်တယ်၊ ဒါကြောင့် ငါ့ချိုနဲ့ တစ်ခါတည်းခတ်ပြီး သတ်ပစ်လိုက်မယ်'

ဆိုပြီး ကျွဲကြီးဟာ ဝဏ္ဏဆီကို တစ်ဟုန်ထိုး ပြေးလာတယ်။ ဝဏ္ဏလည်း သူ့ကိုကျွဲခတ်တော့မယ်ဆိုတာ သိသွားမိတာနဲ့ အသိတရားတစ်ခု ချက်ချင်းဝင်လာပြီး....

'အို....အသင်ကျွဲ၊ ခဏရပ်ပါဦး၊ ကျွန်ုပ်တစ်ခု သစ္စာပြုလိုပါတယ်'

'သင်က ဘာသစ္စာပြုချင်တာလဲ သားမိုက်၊ သင့်မိခင်ရဲ့ ကျိန်စာအရ သင့်ကို ငါ့ရဲ့ချိုနဲ့ခတ်ပြီး သတ်ရတော့မယ်'

'ဒါကို ကျွန်ုပ်သိပါတယ်၊ တကယ်လို့ ကျွန်ုပ်ရဲ့မိခင်ဟာ ကျွန်ုပ်ကိုသားဆိုသော ချစ်ခြင်းမေတ္တာစိတ် တကယ်ကုန်ခန်း ခဲ့၍ သေစေလိုသောဆန္ဒဖြင့်ပြောခဲ့သည်ဖြစ်ပါက အသင်ကျွဲ

www.burmeseclassic.com

ကျွန်ုပ်ကိုခတ်လို့ ရပါစေ၊ သို့မဟုတ်ဘဲမေတ္တာမပျက်၊ ကရုဏာ ဒေါသောဖြင့် ပြောသောစကား ဖြစ်ခဲ့ပါက အသင့်ကျွဲရဲ့ ခွာ မြေမှာနုတ်မရဘဲ ရှိရပါစေသား'

အဲသလိုပြောလိုက်တာနဲ့ ကျွဲကြီးရဲ့ခွာလေးဖက်စလုံးဟာ မြေမှာကပ်ပြီး နုတ်လို့မရတော့ဘူး၊ ဝဏ္ဏကို ခတ်လို့မရ တော့ဘူးပေါ့။

အဲဒီတော့မှ ဝဏ္ဏဟာမိဘရဲ့ မေတ္တာတရား ဘယ်လောက် ကြီးမားတယ်ဆိုတာ သိသွားတော့တယ်။

ဘယ်မိဘကမှ သားသမီးအပေါ်မှာ မေတ္တာမပျက်ဘူး၊ ပခုံးလက်နှစ်သစ်၊ ဖဝါးလက်နှစ်လုံး အရွယ်ကစပြီး လူဖြစ် အောင် ကျွေးမွေးပြုစုလာခဲ့တဲ့ မိဘရဲ့မေတ္တာ စေတနာဟာ တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိမယ်၊ သားဆိုး သမီးဆိုးကိုတော့ ဘယ်တော့မှ မပစ်ပယ်ဘူး၊

မိခင်နဲ့ခြေထောက်အစုံကို ပြေးဖက်ပြီး....

'သားမှားပါပြီ အမေ၊ မေမေရဲ့မေတ္တာကိုသားနားလည် ပါပြီ၊ သား လိမ္မာတော့မယ်၊ နောက်ကိုဘယ်တော့မှ မဆိုး တော့ပါဘူး၊ သားအဖေနဲ့အမေကို လုပ်ကျွေးပါတော့မယ်၊ သားမှားခဲ့မိသမျှ အပြစ်တွေကို ခွင့်လွှတ်ပါ'

လို့ တောင်းပန်တယ်၊ သားလိမ္မာသွားပြီဆိုတာသိလို့ မိခင်ကြီးဟာ ဝမ်းသာသွားပြီး မျက်ရည်ကျရှာတယ်။

www.burmeseclassic.com


'သားကို အမေ အစကတည်းက ခွင့်လွှတ်ပြီးသားပါ ကွယ်'

ကုန်ယင်တဲ့ လေသံလေးနဲ့ သားရဲခေါင်းကို ပွတ်သပ်ပြီး ပြန်ပြောလိုက်သတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဟာသဉာဏ် ရွှင်သော ပညာရှိအမတ်

ဟို ရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ အင်မတန် ထင်ပေါ်ကျော်ကြားတဲ့ ပညာရှိအမတ်ကြီး တစ်ယောက် ရှိသတဲ့။

အမတ်ကြီးဟာ အင်မတန်မှ ဉာဏ်ရွှင်တယ်၊ သူ့ကိုဉာဏ် စမ်းလိုက်ရင် ချက်ချင်းလိုလို ပြန်ပြီးဖြေနိုင်တယ်။

ဟာသဉာဏ်လည်းရှိတယ်၊ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်လာတဲ့ကိစ္စတွေဆိုရင်လည်း အခက်အခဲမှန်သမျှ ဖြေရှင်း ပေးနိုင်လို့ အားကိုးရတယ်လို့ ဆိုရမှာပေါ့။

တစ်နေ့တော့ ဘုရင်နဲ့မိဖုရားကြီးဟာ ဉယျာဉ်တော်ကြီး ထဲမှာ အပန်းအပျော်ဖြေနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးလည်း အနားမှာ ရှိနေတယ်ပေါ့။

မင်း နှစ်ပါးစားဖို့ စားဖွယ်သောက်ဖွယ်တွေဆိုရင်လည်း စားပွဲပေါ်မှာ အလျှံပယ် ဖြစ်နေတယ်။

အမတ်ကြီး အနားမှာ ရှိနေတုန်း ဘုရင်ကြီးဟာ စဉ်းစားမိတယ်။

'အင်း....ဒီ ပျင်းလဲ ပြေရအောင် အမတ်ကြီးရဲ့ဉာဏ် ဘယ်လောက်ထက်သလဲ ဆိုတာ သိချင်တယ်၊ စမ်းဦးမှပဲလေ'

အဲ့သည့်အချိန်မှာ ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ သရက်သီးကို အတူစားနေကြတယ်။

သရက်စေ့တွေဆိုရင် မင်းနှစ်ပါးရဲ့ရှေ့မှာပုံနေတာပေါ့။

ဘုရင်ကြီးဟာ အမတ်ကြီး ခေါင်းငုံ့ပြီး ခစားနေတဲ့ အချိန်မှာ ရှေ့မှာရှိနေတဲ့သရက်စေ့တွေကိုမိဖုရားကြီးရဲ့ရှေ့မှာ ရှိနေတဲ့ သရက်စေ့တွေနဲ့ ရောပြီးထားလိုက်သတဲ့။

နောက်တော့ ဘုရင်ကြီးက အမတ်ကြီးကိုမိန့်တော်မူလိုက်တယ်။

'ပညာရှိအမတ်ကြီး'

'ဘုရား'

'ငါ ကိုယ်တော်မြတ် နှင့် အတူ မိဖုရားကြီးပါ ဟောဒီ သရက်သီးတွေကို ပွဲတော်တည်ပြီး စား သောက်ကြ တယ် သိရဲ့လား'

'ကျွန်တော်မျိုး သိကြောင်းပါ ဘုရင်မင်းမြတ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး....မိဖုရားကြီးဟာ ငါ့ထက်ပိုပြီး အစားကြီးတယ်၊ သူ့ရှေ့မှာ ပုံထားတဲ့ သရက်စေ့တွေ ကြည့်စမ်း မနည်းဘူး အမတ်ကြီး ဘယ်လိုသဘောရသလဲ'

အမတ်ကြီးဟာ ဘုရင်ကိုပြောဆိုရဲတဲ့သတ္တိရှိသူတစ်ယောက် ဖြစ်တယ်။

'မှန်လှပါ၊ မိဖုရားကြီး အစားကြီးတယ် ဆိုရင် သရက်သီး သုံးဆောင်ပြီးတဲ့တိုင် သရက်စေ့တွေကို မြင်နေရပါ သေးတယ်'

'ဘုရင်မင်းမြတ်က မိဖုရားကြီးထက် ပိုပြီး အစားကြီးသူ မို့ သရက်စေ့များကိုပင် ချန်မထားပါ၊ အကုန်လုံးစားပစ် လိုက်တယ်နဲ့ တူပါတယ်'

အမတ်ကြီး၏လျှောက်တင်ချက်ကြောင့် ဘုရင်ကိုယ်တော် တိုင်ပင်လျှင် မပြုံးဘဲ မနေနိုင်တော့၊ မိဖုရားကြီးလည်း အရှက်မရတော့ဘဲ အမတ်ကြီးကို ကျေးဇူးတင်မိတော့တယ်။

'ပညာရှိ ပီသပါပေတယ်၊ အမတ်ကြီးရဲ့ ချက်ချင်းဖြေဆို နိုင်တဲ့ ဟာသဉာဏ်ကို ချီးကျူးပါတယ်'

လို့ မိန့်ကြားလိုက်သတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လင်းနို့တို့ရဲ့ စွမ်းရည်

တစ်ခါတုန်းက မောင်အာကာဆိုတဲ့ ကောင်လေးတစ်ယောက် ရှိတယ်။ သူဟာ ငယ်ငယ်လေးနဲ့ ဗဟုသုတကို သိပ်ပြီး လိုလားသတဲ့။

သူ အခု စိတ်ဝင်စားနေတာက ခွေး၊ ကြောင်၊ ငှက်၊ လင်းနို့ အစရှိတဲ့ တိရစ္ဆာန်လေးတွေရဲ့ ထူးခြားတဲ့ သဘာဝကိုပဲ။

တစ်နေ့တော့....

မောင်အာကာ ခြံထဲမှာစောင့်နေတုန်း လင်းနို့ တစ်ကောင်ဟာ သူ့အနားက ဖြတ်ပြေးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သစ်ပင်ကြီးတစ်ပင်ပေါ်က သစ်သီးတစ်လုံးကို ခူးခြွေပြီး ကိုက်ယူသွားသတဲ့။

ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရဲ့ကျောင်းဝင်းကြီး ထဲမှာလည်း လင်းနို့တွေကို မောင်အာကာ မြင်ဖူးခဲ့တယ်။

သူတို့ဟာ ဟိုး အမြင့်က သစ်ကိုင်းကြီးတွေပေါ်မှာ ခြေထောက်တွေကို ချိတ်ပြီး ဇောက်ထိုးနေနေကြတယ်။

ညဘက်မှာမှ အစာရှာထွက်ကြတဲ့ လင်းနို့တွေကို သူ စိတ်ဝင်စားသွားတယ်။

ညဘက်မှာ မောင်အာကာလေး အိပ်ပျော်နေတုန်း....

လင်းနို့ကြီးတစ်ကောင်ဟာ ပြတင်းပေါက်ကနေ သူ့အခန်းထဲကို ပျံသန်းပြီး ဝင်လာခဲ့တယ်။

'ဟော..... မောင်အာကာလေး၊ ထ....ထ'

အခုလို အနှိုးခံလိုက်ရတော့ နိုးသွားတယ်၊ လေထဲမှာ အတောင် တစ်ဖျပ်ဖျပ် ခတ်ရင်း ပျံဝဲနေတဲ့ လင်းနို့ကြီးကို တွေ့သွားတယ်။

'ဟင်...လင်းနို့ကြီးပါလား၊ ကျွန်တော့်ကို ခေါ်လိုက်တာ ခင်ဗျားလား'

'ဟုတ်တယ်၊ မင်း ငါတို့ရဲ့အကြောင်းကို စိတ်ဝင်စားနေတယ် မဟုတ်လား၊ ဒါကြောင့်မို့ တို့ရဲ့ သဘာဝကို သိစေအောင် မင်းကို ခေါ်သွားပြီး ပြမလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ.... သိပ်ကောင်းတာပေါ့၊ ဟင်.... ကျွန်တော့်မှာ ခင်ဗျားလို အတောင်မှမရှိဘဲ၊ ဘယ်လိုလိုက်လို့ ရမှာလဲ'

'လွယ်ပါတယ်၊ ငါ့မင်းအတွက် အတောင် တစ်စုံယူလာခဲ့တယ်'

လင်းနို့ကြီးက မောင်အာကာသေးရဲ့ ကိုယ်ပေါ်မှာ အတောင်ကလေးတွေ တပ်ပေးလိုက်တယ်။

'ဟာ....တယ်ဟုတ်ပါလား'

'ကိုင်း....မင်း ငါနဲ့လိုက်ခဲ့ပေတော့'

လင်းနို့ကြီးက ရှေ့က ပျံသန်းပြီး ထွက်သွားတယ်။ မောင်အာကာလေးလည်း စမ်းပြီး ပျံကြည့်တာ ပျံလို့ရသွားတယ်။ ဟောင်မှာ ပျံသန်းလို့ရလို့ သိပ်ပြီး ပျော်သွားတာပေါ့'

သစ်ပင်ကြီးတွေပေါ်က ပျံသန်းသွားတဲ့အခါ အသည်းတစ်အေးအေးနဲ့ ခံစားရသတဲ့။

လင်းနို့ဟာ မောင်အာကာလေးကို ပိန်းပိတ်အောင် မှောင်နေတဲ့အခန်းတစ်ခုထဲကိုခေါ်လာတယ်။ လူတစ်ယောက်က ရောက်သွားပြီး....

'ဟာ...ဟိုမှာ လင်းနို့ကြီး'

လင်းနို့ကြီးကိုဖမ်းဖို့ အမှောင်ထဲမှာ တမင် စောင့်ဆိုင်းနေတဲ့သူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ လက်ထဲမှာရှိတဲ့ တုတ်ချောင်းနဲ့ ပစ်ပေါက်လိုက်တယ်။

အမှောင်ထဲကနေ ရောက်လာတဲ့ တုတ်ချောင်းကို လင်းနို့ကြီးဟာ သိသိကလေးလွဲသွားအောင်ရှောင်လိုက်နိုင်တယ်။

ဒါပေမယ့် မောင်အာကာလေးရဲ့ နားရွက်ကို မတော်တဆပွတ်ပြီးထိသွားလို့....

'အောင်မယ်လေး'လို့ အော်လိုက်သတဲ့။

အဲသည်အခန်းကြီးထဲက ပျံထွက်လာတဲ့ အခါမှာ....

'ကံကောင်းလို့ပေါ့ဗျာ၊တုတ်ချက်မိတော့မလို့၊ ခင်ဗျားက ဘာဖြစ်လို့ ရှောင်လိုက်နိုင်တာလဲ'

'ငါတို့ဟာ အမှောင်ထဲမှာမမြင်ရပေမယ့် နားကိုမျက်စိအစား အသုံးချလို့ရတယ်၊ အသံကိုကြားလိုက်ရုံနဲ့အရာဝတ္ထုပစ္စည်းတွေကို ရှာဖွေနိုင်စွမ်း ရှိတယ်လေ'

'တယ်ဟုတ်ပါလား'

'ငါတို့ဟာ ပျံသန်းနေရင်းက ကိုယ့်အသံကို အမှောင်ထဲလွှင့်ထုတ်လိုက်တယ်၊အဲ့ဒီအသံဟာ ပစ္စည်းတစ်ခုနဲ့ ထိတွေ့သွားတယ်၊ အဲ့ဒီပစ္စည်းဆီက ပြန်လာတဲ့ပဲ့တင်သံဟာ ငါတို့သွားရမယ့်လမ်းကြောင်းကိုပြတဲ့ လမ်းပြပဲ'

ထိုစဉ်....

ပိုးကောင်လေးတစ်ကောင်က သူတို့နားက ဖြတ်ပြေးသွားတယ်၊ ဘယ်ရောက်သွားမှန်းတောင် မသိလိုက်ဘူး။

'ကြည့် မောင်အာကာ၊ အဲ့ဒီပိုးကောင်လေးကို ငါလိုက်ဖမ်းပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပိုးကောင်လေးက ဘယ်ရောက်သွားမှန်းမသိဘဲနဲ့ ဘယ်လို မိအောင်ဖမ်းနိုင်မှာလဲ'

'လာ၊ ငါနဲ့လိုက်ခဲ့'

လင်းနို့ကြီးဟာ မောင်အာကာကိုခေါ်သွားရင်း သူတို့ရဲ့ သဘာဝကို ရှင်းပြသွားတယ်။

ပိုးကောင်လေးရဲ့နောက်ကို လိုက်နေတဲ့ လင်းနို့ကြီးဆီက တစ်စက္ကန့်အတွင်းမှာ အသံ အကြိမ်ပေါင်း(၂၀၀)ထွက်လာတယ်၊ ဒါပေမယ့် အဲဒီအသံတွေကို မကြားနိုင်ဘူး၊ အသံက အာခေါင်ခြစ်သံမျိုးလို စူးရှတယ်၊ တစီစီနဲ့မြည်နေတယ်။

လင်းနို့ကြီးဆီက ထွက်လာတဲ့ အသံတွေဟာ ပိုးကောင်လေးဆီကိုရောက်သွားတယ်၊ပဲ့တင်သံအဖြစ် ပြန်လာတဲ့အခါ အဲဒါကို ခွဲခြမ်းစိတ်ဖြာပြီး ပိုးကောင်လေးရဲ့ လှုပ်ရှားမှုကို သိနိုင်တာပေါ့။

တစ်ခဏအတွင်းမှာပဲ လင်းနို့ကြီးဟာပိုးကောင်လေးကို အမီလိုက်နိုင်ပြီး ဖမ်းမိတော့တယ်။

'ခင်ဗျားတို့ လင်းနို့တွေဟာ တော်တော့ကို ထူးခြားတဲ့ သတ္တဝါတွေပဲနော်'

'အေး....ဟုတ်တယ်၊ ငါတို့ဟာ အသံရဲ့ပဲ့တင်သံနဲ့ အဝေးမှာရှိနေတဲ့ ပိုးဖလံကောင်နဲ့သစ်ရွက်ကို ခွဲခြားပြီး သိနိုင်တယ်၊ ပိုးကောင်လေးတစ်ကောင်ရဲ့ ပျံသန်းနှုန်းကိုလဲ ငါတို့က တွက်ချက်ပြီး သိနိုင်တယ်'

လင်းနို့ကြီးနဲ့မောင်အာကာတို့ဟာ သဘာဝလအမှောင်မှာ အတူပျံပြီးသွားနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား၊တို့လိုထူးခြားတဲ့ သတ္တဝါမျိုးတွေရှိရင် ကျွန်တော့်ကိုပြောပြပါဦး'

'ဟာ ရှိတာပေါ့၊ ပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေကို ပုံတင်သံနဲ့ ခွဲခြားထောက်လှမ်းနိုင်တဲ့ ငါတို့လိုစွမ်းရည်မျိုး ဝေလငါးနဲ့ လပိုင်တို့မှာလဲ ရှိကြတယ်ကွ'

'ဦးလင်းနို့ကြီးနဲ့ ခုလိုဆုံတွေ့ရတာ သိပ်ပြီး ဗဟုသုတတိုးတာပါပဲဗျာ၊ ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော့်မိဘတွေအိပ်ရာကနိုးကြလို့ ကျွန်တော့်ကိုမတွေ့ရင် စိတ်ပူနေကြဦးမယ်'

'အေး၊ ငါပြန်ပို့ပေးပါ့မယ်ကွာ၊ မင်းဟာ ငါတို့နဲ့ဘဝကို စိတ်ဝင်စားလို့ တမင်ခေါ်ပြတာပါ'

လင်းနို့ကြီးဟာ မောင်အာကာ ကိုအိပ်ရာထဲရောက်တဲ့အထိ ပြန်ပို့ပေးလိုက်တယ်။

'ကဲ ငါပြန်ဦးမယ်ဟေ့၊ဗဟုသုတတွေကို ရှာမှီးတတ်တဲ့ မောင်အာကာလေး ပညာတတ်ကြီးတစ်ယောက် ဖြစ်ပါစေကွာ'

လို့ပြောပြီး ပြန်ထွက်ခွာသွားတော့တယ်၊မောင်အာကာလေးလည်း သူသိချင်တာတွေ သိခဲ့ရလို့ ကျေနပ်နေမိတယ်၊ အိပ်ရာထဲမှာ နှစ်ခြိုက်စွာနဲ့ ပြန်ပြီးအိပ်ပျော်သွားသတဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဗိတ်စော်နဲ့ ဗိတ်တု

တစ်ခါတုန်းက ချောမောလှပတဲ့ ကြောင်ဖြူမလေး တစ်ကောင် ရှိတယ်။ သူဟာ အင်မတန်ကို ချမ်းသာသတဲ့။

ကြောင်မလေးရဲ့ နာမည်ကို မဖြူလို့ ခေါ်ကြပါစို့ ။

မဖြူဟာ ကြီးကျယ်ခမ်းနားတဲ့တိုက်ကြီးတစ်လုံးကိုပိုင်ဆိုင်တယ်။ ကြောင်မလေး မဖြူဟာ ရုပ်လေး လှသလောက် အင်မတန်မှ မာနကြီးတယ်။

သူဟာ ဆင်းရဲတဲ့ သူတွေကို အထင်သေးတယ်၊ မပေါင်းဘူး၊ ခြံဝင်းနဲ့မနီးမဝေးမှာ ကြောင်လင်မယားဇနီးမောင်နှံတို့ နေထိုင်ကြတယ်၊ အင်မတန်ကို ဆင်းရဲကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူဌေးမလေးမဖြူဟာ သူတို့ကိုအထင်သေးတယ်၊ကြောင်မျိုး တူပေမယ့် ဆင်းရဲလို့ အပေါင်းအသင်းမလုပ်ဘူး။

မဖြူမှာ ငွေတိုးပေးစားလို့ မတရားချမ်းသာနေတဲ့ ဦးဝက်ကြီး၊ နိုင်ငံခြား တိုင်းတစ်ပါးသားကို အထင်ကြီးပြီး ဘိုစိတ်ပေါက်နေတဲ့ ဘိုကြက်ဖ၊ စိန် ရွှေ ရတနာတွေကို အရောင်းအဝယ်လုပ်နေတဲ့ ခွေးမလေး မစုတ်ဖွားလို့ ခေါ်တဲ့ မိတ်ဆွေသုံးယောက်ရှိကြတယ်။

သူတို့ဟာ မဖြူရဲ့အိမ်ကို ဝင်ထွက်နေကြတဲ့လူတွေ၊ သိပ်ပြီးရင်းနှီးကြတယ်။

ကြောင်မလေးမဖြူကလည်း ဂုဏ်ရည်တူတဲ့သူအချင်းချင်းပေါင်းရလို့ သူတို့နဲ့ သိကျွမ်းရတာ ပိုပြီး ဂုဏ်ရှိတယ်လို့ ထင်မိတယ်။

ညစ်ခံပွဲတွေ၊ မွေးနေ့ပွဲတွေလုပ်ကြ၊ အပြန်အလှန်ဖိတ်ကြ၊ သွားကြလာကြနဲ့ လောကကြီးကို မေ့နေကြတာပေါ့။

ဆင်းရဲသား ကြောင်ဇနီးမောင်နှံဟာ အခက်အခဲ ရှိရင် မဖြူဆီသွားပြီး အကူအညီတောင်းတတ်သတဲ့။

'မဖြူရယ် ကျွန်မတို့မှာ စားစရာ မရှိလို့ စားစရာလေးများ နည်းနည်းလောက် မျှပါနော်'

'အို....မပေးနိုင်ပါဘူး၊ နင်တို့နဲ့ ငါနဲ့ တူသလား၊ တန်သလား အခုထွက်သွားကြ'

ခက်ခက်ထန်ထန် ပြန်ပြီးပြောလိုက်တဲ့အခါ ကြောင်ဇနီးမောင်နှံမှာ အကူအညီမရတဲ့အပြင် အနှင်ခံရလို့ ခပ်ကုပ်ကုပ်လေး ပြန်ထွက်သွားကြရှာသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မဖြူရဲ့ မွေးနေ့ညစာခံပွဲကြီးကို ကျင်းပဖို့ အချိန်က နီးကပ်လာတယ်၊ ကြောင်ဇနီးမောင်နှံဟာ သူတို့ကို တကယ်ပဲမဖိတ်တို့ ဝမ်းနည်းကြေကွဲနေမိကြသတဲ့။

ညစာခံပွဲ ကျင်းပတဲ့ညဟာ မီးရောင်စုံ ထိန်ထိန် လင်းပြီး ခြံကြီး တစ်ခြံလုံး လှပနေတယ်။

ဝတ်ကောင်းစားလှဝတ်ပြီး လာကြတဲ့ ဧည့်သည်တွေကို မဖြူက အရေးတယူနဲ့ဖိတ်ခေါ်တယ်၊ ဦးဝက်ကြီး၊ ဘိုကြက်ဖနဲ့ မွေးမလေးစုတ်ဖွားတို့လည်း ပါဝင်ကြတယ်။

သူတို့ဟာ မဖြူအတွက် မွေးနေ့လက်ဆောင် ယူလာခဲ့ကြတယ်။

မွေးနေ့ ညစာခံပွဲ လုပ်နေတုန်း ကြောင်ဇနီးမောင်နှံဟာ ခြံကြီးထဲကို ခိုးဝင်ပြီး ရောက်လာခဲ့ကြတယ်၊ သူတို့ဟာ ညစာခံပွဲမှာ ကျွေးမွေးတဲ့ အစားအသောက်တွေကို သိပ်ပြီး စားသောက်နေချင်ကြတယ်။

သူတို့ရဲ့ လက်ထဲမှာ ပန်းလေးတစ်ပွင့်ကို ကိုင်ထားတယ်၊ မဖြူဟာ သူတို့ကို တွေ့သွားတော့ သိပ်ပြီး စိတ်ဆိုးသွားခဲ့တာပေါ့။

"နင်တို့ ငါခြံထဲ ဘာဖြစ်လို့ ဝင်လာကြတာလဲ၊ မလာပါနဲ့လို့ ပြောထားတယ် မဟုတ်လား"

www.burmeseclassic.com



အဲ့သည်အချိန်မှာ ဧည့်သည်တွေ ဖြစ်ကြတဲ့ ဦးဇော်ကြီး၊ ကိုကြက်ဖနဲ့ ခွေးမလေး စုတ်ဖွား တို့ အိမ်မှာရှိနေကြသတဲ့၊

'ကြည့်ပါဦးရှင် ဂုဏ်သရေရှိဧည့်သည် လူကြီးလူကောင်း တွေရဲ့ ရှေ့မှာ ကျွန်မကိုလာပြီး အရှက်ခွဲတယ်'

ဦးဇော်ကြီးက စူပွနေတဲ့ သူ့ဗိုက်ကြီးကို ပွတ်လိုက်ပြီး....

'သူတို့ကို ဂရုစိုက်မနေပါနဲ့၊ အရေးကြီးတာက စားဖို့ပဲ သောက်ဖို့ပဲ၊ ဧည့်သည်ကို မြန်မြန်ကျွေးစမ်းပါ'

'ဟုတ်တယ်....ဟုတ်တယ်၊ ကျုပ်တို့ကတော့ ကိုယ့်ကိုယ်ကို ကလဲ့ပြီး အာကိုမှ စိတ်မဝင်စားဘူး'

ကိုကြက်ဖက ဝင်ပြောလိုက်တယ်၊

ခွေးမလေး မစုတ်ဖွားကလည်း....

'ကျွန်မတို့ကတော့ စိန်ရွှေရတနာရှိတဲ့သူကိုမှ အရောဝင် နိုင်မယ်၊ ဆင်းရဲသားဆို ဝေးစေသွား၊ ဒါပဲ'

သူတို့တွေဟာ မဖြူရဲ့ အကြိုက်ကိုဆောင်ပြီး ပေါင်းသင်းနေ ကြတဲ့သူများဖြစ်တယ်၊

တစ်နေ့မှာ မဖြူဟာ သူ့ရဲ့မွေးနေ့ပွဲကိုလုပ်ဖို့ စီစဉ်တယ်၊ ဂုဏ်သရေရှိ မိတ်ဆွေတွေကိုပဲ ဖိတ်မှာမို့ အစားကောင်း အသောက်ကောင်းများကို ကျွေးဖို့ ကြိုတင်ပြီးပြင်ဆင်ထား ရတာပေါ့၊

အိမ်နီးနားချင်းဖြစ်တဲ့ ဇနီး မောင်နှံ ဟာ....

'ငါတို့ကိုမဖိတ်ရင် သိပ်ကောင်းမှာပဲ'

'မဖြူဟာ ကျွန်မတို့ကို အဖက်မလုပ်ပါဘူး၊ ဖိတ်မှာလဲ မဟုတ်လို့ စိတ်မကောင်းစရာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မြန်နီးနားချင်း ဆိုတော့ ဖိတ်ဖို့ မေ့သွားတယ်ထင်ပြီး'

'အို၊ နင်တို့ကို တမင်မဖိတ်တာ၊ သွား မလာကြနဲ့၊ လူကြီး လူကောင်းတွေရှေ့မှာ နင်တို့လိုအစုတ်အနုတ်တွေရှိနေတာ ငါ့ဧည့်ခံပွဲ ကျက်သရေယုတ်တယ်'

ပြောဆို နှင်လွှတ်လိုက်တဲ့အခါ သူတို့ မျက်နှာငယ်လေးနဲ့ ထွက်သွားကြသတဲ့။

ဧည့်ခံပွဲ ကျင်းပနေတဲ့အခါ မဖြူဟာ အောက်ထပ် မှာ ဧည့်ခံနေတုန်း အိမ်ပေါ်ထပ်က ဖယောင်းတိုင် တစ်တိုင်ဟာ မနေတော်တဆ လဲကျသွားတယ်။ ကြမ်းပြင်ပေါ်က ကော်ဇော ကို မီးစွဲလောင်ပါလေရော။

တစ်အိမ်လုံး မီးဟုန်းဟုန်းတောက်လောင်ပြီး မငြိမ်းနိုင်တဲ့ အဆင့်ကို ရောက်မှ သိသွားခဲ့ကြတယ်။

ဧည့်သည်တွေ အားလုံးဟာ ကြောက်လန့်ပြီး ထွက်ပြေးကြတာပေါ့။ နောက်ဆုံး တစ်အိမ်လုံး လောင်သွားတဲ့ အထိ ပြာအတိကျသွားတယ်။

သူဌေးမလေးမဖြူဟာ နေစရာမရှိတော့ပါဘူး။ ချက်ချင်း ပဲ ဆင်းရဲသွားခဲ့တာပေါ့။ အိမ်မီးလောင်သွားလို့နေစရာ မရှိတော့တဲ့အတွက် ဒုက္ခအတိရောက်နေရှာတယ်။

'ငါ ဦးဇက်ကြီးရဲ့အိမ်သွားရင် သူလက်ခံမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဦးဝက်ကြီးရဲ့အိမ်ကိုထွက်လာခဲ့တယ်။ရောက်တော့ ဦးဝက်ကြီးနဲ့ တွေ့တယ်။

'ကျွန်မကို တည်းခိုခွင့်ပြုပါ'

လို့ ခွင့်တောင်းတော့....

'ဟာ၊ ကျုပ်မိန်းမက သိပ်ပြီး သဝန်ကြောင်တယ်၊ ဖြစ်မှာ မဟုတ်ပါဘူး၊ ဝမ်းနည်းပါတယ်ဗျာ'

လက်မခံချင်တာနဲ့ ပြောင်ပဲ ငြင်းလိုက်တယ်။

'အင်း၊ ဦးကြက်ဖကြီးကတော့ တစ်ကိုယ်ဘည်းသမားမို့ ငါ့ကို သနားပြီး လက်ခံမှာပါ'

ဘိုကြက်ဖဆီထွက်လာခဲ့ပြန်တယ်၊ ဘိုကြက်ဖကလည်း....

'ခင်ဗျားအနေအထိုင်မတတ်လို့ အိမ်မီးလောင်ပြီး မွဲတေသွားခဲ့ရတာ၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး'

မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ အံ့အားသင့်သွားခဲ့ရတယ်။ သူ့ကို ဘူစိမ်းလိုဆက်ဆံလိုက်တဲ့အတွက် ဝမ်းနည်းသွားပြီး စိန်ရွှေသူဌေးမလေး ခွေးမလေးစုတ်ဖွားဆီကို ထွက်လာခဲ့ပြန်တော့....

ခွေးမလေးစုတ်ဖွားဟာ မဖြူကိုမြင်လိုက်တာနဲ့ အိမ်ဘံခါးကြီးကို ဝုန်းခနဲ ပိတ်လိုက်တာ လန့်တောင်သွားတယ်။

ကြောင်မလေး မဖြူအတွက် မျှော်လင့်ချက် မရှိတော့ဘူးပေါ့။ အဲ့သည် မိတ်ဆွေတွေဟာ တစ်ချိန်က သူ့ဆီမှာ အမြဲတမ်း လာစားသောက်နေကြတဲ့သူတွေပဲ မဟုတ်လား။ အခု မဖြူဒုက္ခရောက်တော့မှ ဥပေက္ခာပြုကုန်ကြတယ်။

www.burmeseclassic.com



ဘယ်မိတ်ဆွေတွေဆီ သွားသွား၊ ဘယ်သူမှ အကူအညီ မပေးကြတော့ဘူး။ ကြောင်မလေး မဖြူဟာ နောက်ဆုံးမှာ တော့၊ လာရာလမ်းအတိုင်း ပြန်ခဲ့ရတယ်။

မိုးတွေကလည်း မမျှော်လင့်ဘဲ ရွာချလိုက်လို့ သူ့ တစ်ကိုယ်လုံးစိုကုန်တော့ပေါ့။ ခိုနားစရာ နေရာကလည်းမရှိ။ အိမ်က လည်း ပြာအတိဖြစ်နေပြီ။

နောက်ဆုံး ခိုက်ခိုက်တုန်အောင်ချမ်းပြီး မေ့လဲကျသွား တယ်။ မိုးရေထဲမှာ မေ့လဲကျနေသော ကြောင်မလေးမဖြူကို ကြောင်ဇနီးမောင်နှံက မမျှော်လင့်ဘဲ တွေ့သွားခဲ့ကြတယ်။

သူတို့လည်း အိမ်ကြီး မီးထဲပါသွားလို့ ကြောင်မလေး ဒုက္ခရောက်နေတဲ့ သတင်းကို ကြားသွားခဲ့ပြီး....

'အလို၊ သူဌေးမလေးပါလား၊ ဘယ်လို ဖြစ်တာပါလိမ့် သနားစရာပဲ၊ ကျွန်မတို့ သူ့ ကိုအကူအညီပေးမှ ဖြစ်မယ်'

စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားခဲ့ကြပြီး၊ကြောင်မလေး မဖြူကို သူတို့ရဲ့ ဆင်းရဲနွမ်းပါးလှသော အိမ်ကလေးထဲမှာ ခေါ် ယူ စောင့်ရှောက်ထားခဲ့ကြတယ်။ သတိလစ်နေတဲ့အတွက် ဝိုင်း ဝန်းပြုစုကြတယ်။

မကြာခင်မှာ မဖြူဟာ သတိရလာတယ်။ သူ ရောက်နေ တာ ကြောင်ဆင်းရဲ ဇနီးမောင်နှံရဲ့ အိမ် ဖြစ်နေလို့ သိပ်ပြီး အံ့ဩသွားခဲ့တယ်။

'ကျွန်မ ဘယ်လိုကြောင့် ဒီအိမ်ကို ရောက်နေရတာလဲ'

www.burmeseclassic.com



'သူဌေးမလေး မိုးရေထဲမှာ သတိလစ်ပြီး လဲကျနေလို့ ခေါ်ထားတာပါ၊ ကျွန်မတို့ကို အားမနာပါနဲ့၊ သက်သာသလို နေပါ'

'ဟုတ်ပါတယ်၊ ကျွန်းမာရေး ကောင်းအောင်သာ ဂရုစိုက်ပါ၊ စားရေး သောက်ရေး ဘာမှမပူပါနဲ့၊ ကျွန်တော်တို့ တတ်နိုင်သရွေ့ ကျွေးမွေးပြုစုပါ့မယ်၊ ဒါပေမယ့် မသားနားတဲ့ ကျွန်တော်တို့အိမ်လေးမှာ ထားမိရတဲ့အတွက် စိတ်တော့ မကောင်းပါဘူးဗျာ'

ကြောင်မလေး မဖြူကို ဖြူစင်သောစေတနာနှင့်ပြုစုစောင့်ရှောက်ကြတယ် မဖြူဟာ တဖြည်းဖြည်းနဲ့စဉ်းစားလာမိတယ်။

'သြော်၊ တကယ်တမ်းကျတော့ အခက်အခဲရှိရင် ကိုယ့်မျိုးနွယ်အချင်းချင်းကသာ ကာကွယ်စောင့်ရှောက်တတ်ကြပါလား၊ ငါ ပေါင်းခဲ့မိတာ မိတ်စစ်မှမဟုတ်ဘဲ၊ မိတ်တုတွေပဲ၊ ဆင်းရဲပေမယ့် အင်မတန်သဘောထားပြည့်ဝတဲ့ ဇနီးမောင်နှံတွေကို ငါစော်ကားမိခဲ့တယ်'

မဖြူဟာ ယူကျုံးမရဖြစ်နေတယ်။ ကြောင်မလေးမဖြူဟာ နေလည်းကောင်းရော ကြောင်ဇနီးမောင်နှံနှင့်အတူ အိမ်မိုးလောင်ပြင်မှာ သွားပြီး ရှင်းလင်းကြတော့ မြေကြီးထဲမှာ မြှုပ်နှံထားသော ရတနာတွေကို ပြန်ဖိုးရလိုက်တယ်။ ဒါကို သူ့မိတ်ဆွေတွေ လုံးလုံးမသိခဲ့ကြဘူး။ မဖြူရဲ့ လျှို့ဝှက်ခဲ့သော အကြံပဲ။

အဲ့ဒီနေရာမှာ အဖိုးတန် အိမ်ကြီးတစ်လုံးကို ပြန်ဆောက်တယ်။ သဘောထား ပြည့်ဝခဲ့သော ကြောင်ဇနီးမောင်နှံကို

www.burmeseclassic.com


လည်း အိမ်မှာ ခေါ်ထားလိုက်တော့တယ်။

'ကျွန်မနဲ့အတူ သေအတူရှင်မကွာ နေကြပါတော့'

ဆိုပြီး လိုလိုလားလား ပြောလိုက်တော့တယ်။

တစ်နေ့မှာ သူဌေးဇလေးမဖြူဟာ သူ့မွေးနေ့ပွဲကို ခြံကျယ်ကြီးထဲမှာ ကျင်းပတယ်။

ဒါပေမယ့် ဘယ်သူ့ကိုမှ မဖိတ်တော့ဘူး။ စိတ်ထား ဖြူစင်ကြသော ကြောင်ဇာနီးမောင်နှံတို့နှင့်အတူ ပျော်ပျော်ရွှင်ရွှင် ကျင်းပတော့တယ်။

အဲ့သည် အချိန်မှာ မွေးနေ့ ညှော်ခံပွဲကို ဦးဝက်ကြီးတို့၊ ဘိုကြက်ဖနဲ့ ခွေးမလေး စုတ်ဖွားတို့လည်း လာခဲ့ကြတယ်။


ကြောင်မလေး မဖြူဟာ ခြံထဲကို အဝင်မခံဘဲ၊ တံခါးကို ပိတ်ထားခဲ့တယ်။ သူတို့ဟာ မဖြူကဖိတ်ခေါ်နိုးနိုးနှင့် ခြံရှေ့မှာ ရစ်သီရစ်သီလုပ်နေကြသေးတယ်။

မိတ်တုနဲ့ မိတ်စစ်ကို ခွဲခြားပြီးသိသွားသော ကြောင်မလေး မဖြူဟာ သူတို့ကို လုံးဝဥပေက္ခာပြုထားလိုက်တဲ့အတွက် ရှက်ရှက်နဲ့ပဲ ပြန်သွားခဲ့ကြသတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မော်ကြွားတဲ့သိုင်းသမား

တစ်ခါက ကျေးရွာတစ်လုံးရွာမှာ သုတဆိုတဲ့ လုလင်ပျို တစ်ယောက်ရှိတယ်။ သူဟာ၊ စိတ်သဘောထား ဖြောင့်မှန် တယ်။ အခက်အခဲရှိတဲ့သူတွေကို တတ်နိုင်သလောက် အကူ အညီပေးတတ်တယ်။

ဒါပေမယ့် သူဟာ အတတ်ပညာတစ်ခုခုကို သင်ယူချင် တယ်။ ဘာပညာမှမတတ်တော့ လူရာသိပ်မဝင်လှဘူးပေါ့။

သုတဟာ တစ်နယ်တစ်ကျေးမှာ အတတ်ပညာ တစ်ခုခုကို သင်ယူဖို့ ခရီးထွက်လာခဲ့တယ်။ ရွာတစ်ရွာကို ရောက်တော့ မြက်ခင်းကြီးတစ်ခုထဲမှာ သိုင်းလေ့ကျင့်နေတဲ့ အဘိုးကြီး တစ် ယောက်ကို တွေ့လိုက်ရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ကစားတာကို တွေ့ရတော့ စိတ်ဝင်စား သွားတယ်။သိုင်းပညာကို သင်ချင်တဲ့စိတ် ဖြစ်ပေါ်လာမိ တယ်။

သိုင်းဆရာကြီးဆီကို ရှိသေစွာ ရောက်သွားပြီး....

'ကျွန်တော် ရပ်ဝေးက လာခဲ့တာပါခင်ဗျာ၊ ဆရာကြီး ဆီမှာ တပည့်ခံပါတယ်၊ သိုင်းသင်ခွင့်ပြုပါ'

ဆရာကြီးဟာ သုတရဲ့ရုပ်ရည်ကို အကဲခတ်လေ့လာလိုက် တယ်။

'အိမ်း....ငါဟာ သိုင်းဆရာကြီး ဦးစိတ္တပဲ၊ငါ့မှာ ပညာ သင်နေကြတဲ့ တပည့်အချို့ ရှိကြတယ်၊မင်းလဲ သင်ချင်ရင်သင် ပေါ့၊ ပညာလိုချင်တဲ့ တပည့်မှန်သမျှ ငါသင်ကြားခွင့် ပြုပါ တယ်'

လို့ ခွင့်ပြုလိုက်သတဲ့။ သုတဟာ သူ့ပင်ပန်းစွာ ရှာဖွေ စုဆောင်းထားတဲ့ အသပြာငွေလေးနဲ့ ကန်တော့ပြီး သိုင်း ပညာကိုသင်ယူတယ်။ ကြိုးကြိုးစားစား သင်ယူတဲ့အတွက် တပည့်တွေအားလုံးထဲမှာ အတော်ဆုံး ဖြစ်လာတယ်။

သိုင်းပညာကို သင်ယူတဲ့အခါ ဘုရားရှင်ကို တိုင်တည်ကန် တော့ပြီး ဆုံမှာပြုရတယ်။မိမိပညာနဲ့ သူတစ်ပါးကိုမနှိပ်စက် ပါဘူး၊ ကိုယ့်အသက်ကို ရန်ရှာလာတဲ့တိုင် ကိုယ်ကာပြန်ပြီး သူတစ်ပါးရဲ့ အသက်ဆုံးတဲ့တိုင် မပြုမူပါဘူး။ အစရှိသည် ဖြင့်ပေါ့၊

သုတဟာ သိုင်းပညာကို သုံးနှစ်သုံးမိုး သင်ကြားပြီး တော့ အတော်လေးကို ကျွမ်းကျင် တတ်မြောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကိုကန်တော့ပြီး ကိုယ့်ရပ်ရွာကို ပြန်တာပေါ့။

အိမ်ရောက်ရပ်ရွာကိုရောက်တော့ သိုင်းပညာ သင်ကြားတတ်မြောက်ခဲ့တာကို ဘယ်သူ့ကိုမှမသိစေဘဲ လျှို့ဝှက်ထား တယ်။ ဒါပေမယ့် ရွာမှာ သူတကိုဆင်းရဲတယ်ဆိုပြီး အမြဲအနိုင်ကျင့်နေတဲ့ ငမိုးဆိုတဲ့ လူဆိုးကောင်ကြောက်ရှိတယ်။

ငမိုးဟာ သူတကိုတွေ့တော့ ခါတိုင်းလိုပဲ ငုံ့ခံနေလိမ့်မယ်ထင်ပြီး....

'ဟေ့ကောင်....ကြွက်စုတ်၊မင်း ငါ့ကိုကြောက်လို့ သုံးနှစ်သုံးမိုးအထိ ဘယ်ကိုသွားပြီး ပုန်းနေတာလဲကွ'

သူတဟာ သူ့ကိုရန်စလိုက်မှန်း သိပေမယ့် ဘာမှပြန်မပြောဘဲ သည်းခံပြီး နေလိုက်တယ်။

ငမိုးက ကံဆိုးချင်တော့ သူတပြန်မပြောတာကို မလေးစားလုပ်တယ်ထင်ပြီး ခြေထောက်နဲ့ လှမ်းကန်လိုက်တယ်။

'ဟေ့ကောင်၊ မင်းကငါ့ကိုဘာဖြစ်လို့ ပြန်မပြောတာလဲကွ မင်းတော့ နာချင်ပြီထင်တယ်'

ခြေထောက်နဲ့ အကန်ခံလိုက်ရတဲ့အတွက် သူတဟာ ဒေါသထောင်းခနဲ ထွက်သွားပြီး ငမိုးကို ခုခံတိုက်ခိုက်လိုက်တယ်။

ငမိုး လဲကျပြီး သတိလစ်နေတယ်။

ငမိုးရဲ့တပည့်တွေဟာ သူတကိုဝိုင်းပြီး တိုက်ခိုက်ကြပေမဲ့ သူတဟာ သူတို့အားလုံးကို မရှုမလှ ဖြစ်သွားအောင် သိုင်းပညာနဲ့ အနိုင်ယူလိုက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့မှ သုတဟာ အရင်သုတ မဟုတ်တော့ဘူးဆို တာ သိသွားကြတာပေါ့။ သုတပြောင်းလဲလာတာကို သိကြရ တော့ လူတွေဟာ သုတရဲ့သတ္တိကို သိလာကြတယ်၊ အား ထားလာခဲ့ကြတယ်။

လူဆိုးလူမိုက်မှန်သမျှ သုတရဲ့လက်ချက်နဲ့ မရှုမလှဖြစ်သွား ခဲ့တာချည်းပဲ။ သုတဟာ တဖြည်းဖြည်းနဲ့ ရဲလာလိုက်တာ၊ ရပ်ကျော်ရွာကျော်ဖြစ်ပြီး ဘယ်သူ့ကိုမှ ဗိုလ်မထားတော့ဘူး။

သူတတ်ခဲ့တဲ့ သိုင်းပညာက သူ့ကိုပြန်ပြီး အထောက်အပံ့ ပြုလာတဲ့သဘောမျိုးလို့ ဆိုရမယ်။ ရပ်ရွာကလည်း အားကိုး တော့ လူဆိုးလူမိုက်ထိပ်သီးဆိုရင် သုတက ရင်ဆိုင်တွေ့ပြီး အဆုံးစီရင်လိုက်တာ များတယ်။

ဒါကြောင့်မို့ သုတဟာ ပိုပြီးထင်ရှားလာတယ်၊ မိုးမမြင် လေမမြင် ဖြစ်လာတယ်၊ အရင်ကလို အနှိမ်ခံသုတ မဟုတ် တော့ဘူးပေါ့။

တစ်နေ့မှာ ကျောက်တစ်လုံးရွာကို လူကြီးတစ်ယောက် ရောက်လာတယ်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေကလည်း ရှည်လျားလိုက်တာ ကြောက်စရာကြီး။ သူဟာ ရွာမြင်ဇရပ် မှာတည်းတယ်။

လူဆိုးလူမိုက်ကြီး တစ်ယောက်နဲ့တူတယ်၊ ဇရပ်နားက ဖြတ်သွားတဲ့သူတစ်ယောက်ကိုအဲ့သည်လူကြီးဟာ ဇရပ်ပေါ် ကဆင်း အကြောင်းမဲ့ ရိုက်ထည့်လိုက်တယ်။

'ခင်ဗျား ဘာဖြစ်လို့ ရိုက်ရတာလဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ရိုက်ချင်လို့ ရိုက်တယ်ကွာ၊ မကျေနပ်ရင် တိုင်ချင်တဲ့သူကို တိုင်....'

အဲသည့်လူက သူတကိုသွားတိုင်တယ်။ သူတက လိုက်လာတယ်။ လူကြီးကတော့ ဇရပ်ပေါ်မှာ ခပ်အေးအေးပဲ ထိုင်နေတယ်။

'ဟေ့ လူကြီး၊ ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ ရွာသားကို အကြောင်းမဲ့ ရိုက်လွှတ်လိုက်ရတာလဲဗျ'

'ငါ ကြည့်မရလို့ ရိုက်တာကွ၊ မင်းကိုလဲ့ ငါက ရိုက်ချင် သေးတယ်'

ဆိုပြီး ဇရပ်ပေါ်က ခုန်ဆင်းလာတယ်။ သူတကလည်း သည်အဘိုးကြီးကို နည်းနည်းပါးပါး ဆုံးမလွှတ်လိုက်ဦးမှဂ ဆိုပြီး ရင်ဆိုင်တိုက်ခိုက်တယ်။

ဒါပေမယ့် အဘိုးကြီးဟာ သူတထင်သလို နုံနဲ့နဲ့မဟုတ်ဘူး၊ သိုင်းကွက်တွေနဲ့ ကျွမ်းကျင်စွာ ပြန်ပြီးတိုက်ခိုက်တယ်။

သူတကလည်း ပိုသဘောကျသွားပြီး ရေကုန်ရေခန်း တိုက်ခိုက်ကြတဲ့အခါ အဘိုး ကြီးရှုံးတော့မလို ဖြစ်လာတယ်။

သူက အထင်သေးပြီး တိုက်ကွက်ကို လျှော့လိုက်တဲ့အခါ အဘိုး ကြီးက မမျှော်လင့်ဘဲ တုံ့ပြန်လိုက်တဲ့အတွက် သူက အထိနာသွားပြီး ဘိုင်းခနဲ လဲကျသွားတယ်၊ မဲ့ရှုံ့သွားတာ ပေါ့။

အဲ့သည်တော့မှ အဘိုးကြီးဟာ သူ့ မျက်နှာပေါ်က မုတ်ဆိတ်မွေးအရှည်ကြီးတွေ၊ ပါးမြိုင်းမွေးတွေကို ဖြုတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


'ဟာ....ဆရာကြီး ဦးစိတ္တ'

သိပ် အံ့အားသင့်သွားမိတာကတော့ အဲသည်အဘိုးကြီးဟာ တခြားသူမဟုတ်ဘူး၊ သူ့ကို သိုင်းပညာသင်ပေးခဲ့တဲ့ ဆရာကြီးဦးစိတ္တ ဖြစ်နေတယ်။

'အေး....ငါဟာ မင်းရဲ့သတင်းတွေကို ကြားရလို့ လာတုံစမ်းတာ၊ ငါသင်ပေးတဲ့ သိုင်းပညာဟာ သူတစ်ပါးကို အနိုင်ကျင့်ဖို့ မဟုတ်ဘူး၊ ရန်သူကို ဆုံးမရုံဆုံးမ အဆုံးစီရင်ဖို့ မဟုတ်ဘူးလို့ သတိပေးထားရက်နဲ့ မင်းငါ့စကားကို မနာခံခဲ့ဘူး'

'မင်းရဲ့အမှားကြောင့် သေသွားတဲ့သူတွေရဲ့ ဇနီး၊ သားသမီးတွေဟာ ဒုက္ခရောက်ကုန်ကြတယ်ဆိုတာ မင်းမစဉ်းစားမိဘူးမဟုတ်လား'

ဆရာကြီးက မာမာထန်ထန်နဲ့ ပြောလိုက်တဲ့ အခါ....

'ဆရာကြီး....ကျွန်တော်မှားသွားခဲ့ပါတယ်၊နောက်ကို သူတစ်ပါးစိတ်သောကရောက်အောင် ဘယ်တော့မှ မလုပ်တော့ပါဘူး၊ သတိလစ်သွားတဲ့အတွက် ခွင့်လွှတ်ပါ'

လို့ တောင်းပန်လိုက်တယ်၊

'အေး....ငါ့တပည့်ကြီးဟာ သိုင်းပညာမှာ တော်ရုံနဲ့ တလွဲအသုံးချနေလို့ အချိန်မီလာဆုံးမတာ၊ မြွေဆရာ မြွေနဲ့သေတတ်တယ်၊ သိုင်းဆရာ သိုင်းပညာနဲ့ပဲ ကိုယ်ကျိုးနည်းတတ်တယ်၊ အများမျက်ရည်ကျအောင် ဘယ်တော့မှ မလုပ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com


သူဘာဟာ သူမှားပါတယ်လို့ တပ်တလဲလဲပြောရင်း ဆရာကြီးကိုဦးချကန်တော့လိုက်တယ်။

နောက်ဆို သူဘယ်တော့မှ သူများ စိတ်ဆင်းရဲအောင် မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်သတဲ့။

+ + +

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အကြိုးသောတာနဲ့ကိုယ်



www.burmeseclassic.com

# ကိုယ့်အတိုင်းအတာနှင့်ကိုယ်

တစ်ခါတုန်းက ကင်းခြေများတစ်ကောင်ရှိတယ်၊

ကင်းခြေများဆိုတော့ ခြေထောက်တွေက အများကြီးပဲ ပေါ့။

လမ်းသွားရင် ခြေထောက်လေးတွေက ညီညီညာညာနဲ့ လှုပ်ရှားနေကြတာ သိပ်ပြီး ကြည့်လို့ကောင်းတယ်။

ယုန်ကလေးဖိုးသဲဟာ ကင်းခြေများကို သိပ်ပြီး သဘောကျနေတယ်၊

'ခင်ဗျား လမ်းလျှောက်သွားရင် သိပ်ပြီးလှတာပဲ၊ ခြေထောက်လေးတွေက စိစိရိရိနဲ့ အယ်ညာခြေလှမ်းကို မှန်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်လား၊ အေးကွ အားလုံးက ငါ့ခြေထောက်တွေကို သိပ်ပြီး သဘောကျနေကြတာပဲ။

'ကျွန်တော်က ခြေထောက်နှစ်ချောင်းတည်းရှိတော့ သိပ်ပြီး မလှဘူး၊ ပြီးတော့ လမ်းသွားရတာ ခရီးလဲမတွင်ဘူး'

'ဟာ၊ ဒီလို ဘယ်ဟုတ်မလဲ၊ ငါတို့ဟာ တစ်ကောင်နဲ့တစ်ကောင် တိရစ္ဆာန်အမျိုးအစားချင်း ဘယ်တူမှာမလဲ၊လူဆိုရင် ခြေထောက် နှစ်ချောင်း၊ ကြက်တွေဆိုလဲ ခြေထောက် နှစ်ချောင်းပဲ မဟုတ်လား၊ တစ်မျိုးစီပေါ့'

ဘယ်လိုပဲ ပြောပြော ယုန်လေးဖိုးသဲကတော့ ကင်းခြေများရဲ့ခြေထောက်တွေကို သဘောကျနေတယ်။

တစ်နေ့မှာ...။

ကင်းခြေများဟာ သူ့လမ်းကိုသူသွားရင်း ပုတ်သင်ညို တစ်ကောင်နဲ့ ရင်ဆိုင်တိုးမိတယ်။

ပုတ်သင်ညိုဟာ ကင်းခြေများကိုအတင်းလိုက်ကိုက်တယ်။ ရန်သူကလိုက်တော့ ထွက်ပြေးရတာပေါ့။

အသက်လုပြေးရင်း ပုတ်သင်ညိုရဲ့ ခြေထောက်နဲ့ နင်းမိလို့ ကင်းခြေများဟာ ခြေထောက် တစ်ချောင်း ပြတ်ကျန်ရစ်ခဲ့တယ်။

ဒါပေမယ့် ကင်းခြေများဟာ အရင်လိုပဲကျန်ခြေထောက်တွေနဲ့ ဟန်မပျက် သွားလာနေနိုင်တယ်။

'ဟာ၊ ကိုကင်းခြေများ၊ ခင်ဗျားမှာ ခြေထောက် တစ်ချောင်း မရှိတော့ပေမယ့် ဘာမှ မထူးခြားဘူးနော်၊ အသွားအလာ ဘာမှ မထိခိုက်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေး ဖိုးသဲက အံ့အားသင့်နေတယ်။

'ငါ့မှာ ခြေထောက်တွေအများကြီးကျန်သေးတာပဲကွာ၊ အရေးမကြီးပါဘူး'

လို့ မြုံးမြုံးလေး ပြန်ပြောသတဲ့။

သိပ်မကြာပါဘူး၊ ယုန်ကလေး ဖိုးသဲဟာ သစ်ပင်ပေါ် တက်သွားရင်း မတော်တဆပြုတ်ကျလို့ ခြေထောက်လွဲသွားတယ်။ လမ်းလျှောက်တဲ့ အခါမှာတော့ ထော့နဲ့ ထော့နဲ့နဲ့ အားမရရင် ခြေတစ်ချောင်းတည်းထောက်ပြီး ခုန်ခုန်သွားတယ်။ ယုန်ကလေးဟာ ကိုယ့်ကိုယ်ကို မြန်ပြီး သတိထား မိတယ်။

'အင်း၊ ကိုကင်းခြေများဟာ ခြေထောက်တွေ အများကြီးမို့ တစ်ချောင်းလောက် မရှိလဲ အကြောင်းမဟုတ်ဘူး၊ ငါက ခြေထောက်နှစ်ချောင်းတည်းရယ်၊ ခု ကြည့်စမ်း ခြေတစ်ဖက်နာနေတာနဲ့ ခုန်ဆွခုန်ဆွသွားရတာ ဘယ်လိုမှကြည့်မကောင်းဘူး၊ ကိုကင်းခြေများက ခြေထောက်တစ်ချောင်းကြောင့် အရေးမကြီးပေမယ့် ငါ့ခြေထောက်တစ်ချောင်းက ပိုအရေးကြီးတယ်၊ မထိခိုက်ဖို့ ဂရုစိုက်ရမယ်'

လို့ အသိတရားရသွားသတဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရှူးကိုယ်ပတ်



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရှုံး ကိုယ်ပတ်

တစ်ခါက ဖိုးသာအေးဆိုသောလူတစ်ယောက်ဟာ မထင်မရှား ရွာလေးတစ်ရွာမှာနေတယ်။

လက်လုပ်လက်စား သူဆင်းရဲတွေများသော ရွာကလေးပေါ့။ ဖိုးသာအေးကတော့ အလုပ် အကိုင် မည်မည် ရရ မရှိဘူး။

တစ်နေ့မှာ ဖိုးသာအေးဟာ သူများကျောင်းနေသော နွားတစ်ကောင်ကို ခိုးယူမိလိုက်သယ်။

တစ်နေရာမှာ ဝှက်ထားတယ်။ ညဘက်ကျတော့ အဲသည် နွားကို ဝှက်ထားတဲ့ နေရာမှာ သွားယူပြီး ရောင်းစားမယ် အလုပ်မှာ စောင့်ဖမ်းနေတဲ့ လူခေါင်းကြောင့် မိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တရားရုံးတင်ပြီး တရားစွဲတဲ့အခါ....

'ငါ့တော့ ဒုက္ခပဲ၊ ရွှေ့နေမငှားလို့တော့ မဖြစ်တော့ဘူး'

သည်တော့ရွှေ့နေငှားတယ်။ ရွှေ့နေရရော ဆိုပါတော့....

'တရားပြီးမှ ရွှေ့နေခကို ပေးပါရစေ'

'ကောင်းပြီလေ၊ သဘောတူပါတယ်'

ရွှေ့နေနဲ့ တရားခံ သဘောတူညီမှု ရသွားခဲ့ကြတယ်။

ဖိုးသာအေးကို တရားရုံး မထုတ်ခင် ရွှေ့နေက သင်ပေးတယ်။

'တရားလိုဘက်က ရွှေ့နေကပဲ မေးမေး၊ တရားသူကြီးကအာပဲပြောပြော စကားပြန်မပြောနဲ့၊ ရှူးရှူးလို့သာ ပြန်ပြော၊ ဟုတ်ပြီလား ကိုသာအေး'

'စိတ်ချပါ'

ရက်ချိန်း ကျသာတော့ ဖိုးသာအေးကို ရုံးထုတ်တယ်။ နှစ်ဖက်ရွှေ့နေတွေဟာ အမှုသွား အမှုလာအရ လျှောက်လဲချက်တွေ ပေးကြတာပေါ့။

သက်သေတွေကလည်း အစစ်ခံကြတာပေါ့။တရားသူကြီးက ဖိုးသာအေးကို မေးတယ်။

'မောင်မင်း နွားကို ခိုးယူသလား မခိုးဘူးလား၊ မှန်မှန်ပြော'

အဲ့သည်လို မေးလိုက်တော့ ဖိုးသာအေးကလည်း သူ့ရွှေ့နေ သင်ထားတဲ့အတိုင်း စကားပြန်မပြောဘဲ....

'ရှူး...ရှူး....'

www.burmeseclassic.com

www.burmeseclassic.com



လို့သာ ပြန်ဖြေသတဲ့။ တရားသူကြီးဟာ မျက်မှောင်ကြုတ်ပြီး....

'မောင်မင်းကို ငါ ဘာမေးလိုက်တယ်ဆိုတာ သိသလား၊ ကြားရော ကြားရဲ့လား'

လို့ ထပ်မေးပြန်သတဲ့။ ဒါပေမယ့် ဖိုးသာအေးကတော့ 'ရှူး....ရှူး....' ပဲ။

တရားလိုဘက်က ရွှေနေတွေက ဖိုးသာအေးကို စစ်မေးပြန်တယ်။

ဘယ်သူပဲမေးမေး 'ရှူး....ရှူး' က လွဲလို့ ဘာမှမဖြေဘူး။ အားလုံး အခက်တွေ့နေကြတာပေါ့။

ဘာမှ မေးလို့ မရတော့ အမှုကို ဘယ်လို စစ်ရမှန်းမသိတော့ဘူး။

အဲ့သည်အချိန်မှာ....

အခါအခွင့်ကို စောင့်နေတဲ့ ဖိုးသာအေးရဲ့ ရွှေနေကထပြီး ပြောတယ်။

'ကျွန်တော်မျိုးရဲ့ အမှုသည်ဟာ ဒီအမှုကို ရင်ဆိုင်နိုင်စွမ်း မရှိတော့လို့ ရူးသွပ် သွားခဲ့ပါပြီ၊ သူ့ကို အမှု ဆက်စစ်ဖို့ မလွယ်ကူတော့ပါ'

တရားသူကြီးကလည်း ရူးနေသူတစ်ယောက်ကို အမှုစစ်ခြင်း အမှန်ကို သိနိုင်တော့မှာ မဟုတ်ဘူး ဆိုပြီး....

'တရားခံ ဖိုးသာအေးအား တရားသေလွှတ်စေခြင်း အမိန့်ချမှတ်လိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသာအေးဟာ သူ့ရွှေနှေ့ ဉာဏ်ကောင်းလို့ အမှုက လွတ်သွားခဲ့တာပေါ့။

ရွှေနှေ့ဟာ ဖိုးသာအေး ကတိပေးထား တဲ့အတိုင်း အမှု ပြီးသွားလို့ ရွှေနှေ့နေခ တောင်းတယ်။

'ကဲ ကိုယ့်လူ။ ရွှေနှေ့ခလေး မှ စ ပေတော့'

ဒါပေမယ့် ဖိုးသာအေးဟာ စကားပြန်မပြောဘဲ….

'ရှူး….ရှူး….'

လို့သာ ပြန်ဖြေသတဲ့။

'ဟေ့လူ၊ ခင်ဗျားဆီက အမှုလိုက်ခ တောင်းနေတာဗျ။ ဘာဖြစ်လို့ တရှူးရှူး လုပ်ပြနေရတာလဲ'

'ရှူး….ရှူး …'

ဖိုးသာအေးကတော့ ရွှေနှေ့ကိုကြည့်ပြီး ရှူးရှူး လို့ပဲ လုပ်ပြနေတယ်။ နောက်ထပ် ဘယ်လိုပဲပြောပြော ရှူးရှူးပဲ။

အဲ့သည်တော့မှရွှေနှေ့က သူအကြံဉာဏ်ပေးခဲ့တဲ့အတိုင်း ဖိုးသာအေး ရှူးရှူးလုပ်ပြနေတော့၊ သူ့ကို ရွှေနှေ့နေခ မပေး ချင်တာနဲ့ ဆက်ပြီး ရှူးချင်ယောင်ဆောင် ရှူးရှူး ဆက်လုပ် နေလေတော့….


'အောင်မယ်လေးဗျာ၊ အခုမှပဲ ကိုယ့်ရှူးကိုယ် ပတ်တော့ တယ်'

ဆိုပြီး ညည်းညူသွားရလေတော့တယ်တဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရေကြောက်တဲ့စူဠလိပ်

ဟို ရှေးရှေးတုန်းက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး မင်းပြုတယ်။ ဘုရင်းမင်းမြတ်မှာ သားတော်တစ်ပါး ရှိတယ်။

သားတော်ကို အိမ်ရှေ့မင်းသား နေရာ ပေးထားတယ်။ ဘုရင်ကြီး နတ်ရွာစံရင် ဘုရင်ဖြစ်မယ့်သူပေါ့။

တစ်နေ့တော့ သားတော် အိမ်ရှေ့ မင်းသားဟာ ရေသော့ ရှုဟန်း ပြုချင်စိတ် ဖြစ်ပေါ်လာတယ်။ ဖခင်ဘုရင်ကြီး ထံမှာ ခွင့်ပန်တယ်။

'သားတော်ကို ရေသော့ပြုလုပ်ခွင့်ပြုပါ'

www.burmeseclassic.com

www.burmeseclassic.com



ထူးထူး ဆန်းဆန်း နန်းရပ်ကို ငြိုးငွေ့ပြီး တောထွက်မလို့ ား၊ ခမည်းတော် နတ်ရှာစံရှင် တိုင်းပြည်ကို ဘယ်သူ အုပ် မလဲ'

ပါပေမယ့် သားတော် အိမ်ရှေ့မင်းသားဟာ တပူတစား ဘဲ့အတွက် ဘုရင်ကြီးဟာ ခွင့်ပြုလိုက်ရလေတော့တယ်။

...မ်ရှေ့မင်းသားဟာ ယမုန်နာမြစ်အနီး တောင်ကြားတစ် ... ရသေ့ပြုလုပ်ပြီး နေရတော့တယ်။

BURMESE CLASSIC

...ရားအားထုတ်နေတဲ့အချိန်မှာ အဖျက်ကပေါ်လာတယ်။ နဂါးမတစ်ဦးဟာ နဂါးပြည်ကတက်လာပြီး ချောမောလှပ တဲ့ ရသေ့လေးကိုတွေ့တော့ မေတ္တာသက်ဝင်သွားမိတယ်။

ရသေ့လေးကလည်း မရင့်ကျက်သေးလို့ လောကဓံကို ကြံ့ကြံ့ မခံနိုင်သေးတဲ့အတွက် နဂါးမကို ချစ်ခင်သွားမိတယ်။ အဝတ်လဲပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင် ခဲ့သတဲ့။

နဂါးမနဲ့ သားတော်တစ်ပါး၊ သမီးတော်တစ်ပါး ဖွားမြင် ရရှိခဲ့တယ်။

နောက်တော့ ဗာရာဏသီပြည်မှာ ခမည်းတော် မင်းကြီး နတ်ရွာစံ ကံတော် ကုန်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မှူးကြီး မတ်ရာ ဝန်းကြီးတွေ ခေါ်လို့ ဗာရာဏသီပြည်ကို ပြန်ပြီး မင်းပြုတယ်။ သားတော်နှင့် သမီးတော်တို့လည်း ပါသွားခဲ့ကြတာပေါ့။

'သားတော်နဲ့ သမီးတော်တို့ဟာ နဂါးသေးပါလာခဲ့ကြတဲ့ အတွက် ပျော်ပါးနေထိုင်ရန် ရေကန်ကြီးတစ်ကန် အမြန်တူး ဖော်ကြရမယ်'

မှူးမတ်တွေရဲ့ အစီအမံနဲ့ ပေါက္ခရဏီ ကန်ကြီးကို တူးပေး တယ်။ ကန်ထဲကို ရေသွင်းတဲ့အခါ လိပ်ငယ် တစ်ကောင်ဟာ မတော်တဆဆိုသလို ရေစီးနဲ့ပါလာပြီး ကန်ထဲကိုရောက်သွား သတဲ့။

သားတော် သမီးတော်တို့ ရေကစားကြတဲ့အခါ ရှူဋ္ဌလိပ် ကို တွေ့တော့ ကြောက်လန့်သွားကြတယ်။

ခမည်းတော် ဘုရင်ကြီးက သိတော့...

'သားတော် သမီးတော်များကို ကြောက်လန့်အောင် လုပ် တဲ့ လိပ်၊ အပြစ်ဒဏ်ပေးစေ'

လို့ အမိန့်ချမှတ်လိုက်တဲ့အခါ အမတ်တစ်ယောက်က...

'ဒီလိပ်ကို ဆုံထဲထည့်ပြီး ကျည်ပွေ့နဲ့ ထောင်းရမယ်'

တစ်ယောက်က....

www.burmeseclassic.com

www.burmeseclassic.com



'ဟာ….သူ့ကိုသတ်၊ ဟင်းချက်စားရင် ကောင်းမယ်'

အမတ်တစ်ယောက်က….

'ဒီလိပ်ကို လျှော်မီးခဲမှာကင်ရမယ်'

'ဟာ….တစ်ခါတည်း ကိစ္စတုံးသွားအောင် မီးရှို့မီးပြင်းတိုက်၊ အဲဒါမှ သေရော'

အမတ်တွေက တစ်ယောက်တစ်ပေါက်နဲ့ပြောနေကြစဉ်မှာ စူဠလိပ်ဟာ မသိသလို ဂရုမစိုက်သလို ငြိမ်နေသတဲ့။

အဲဒီအထဲမှာ အမတ်တစ်ယောက်က ရေကိုကြောက်တယ်။

'ငါ့သန္တာရဆိုရင်တော့ ဒီလိပ်ကို ယမုန်နာမြစ်ထဲပစ်ချပြီး အဆုံးစီရင်ပစ်လိုက်တာကမှ ပိုကောင်းလိမ့်မယ်လို့ ထင်တယ်'

အမတ်စကားကိုလည်း ကြားရော စောစောက ငြိမ်နေတဲ့ စူဠလိပ်ဟာ ငိုယိုပြီးတော့ တောင်းပန်ပါတော့တယ်။

'ကျွန်တော့်ကို တခြားနည်းတွေနဲ့ သတ်ချင်သတ်ပါဗျာ၊ ရေနှစ်ပြီးတော့ မသတ်ပါနဲ့၊ တောင်းပန်ပါတယ်'

'ဟာ….ဒီကောင် ရေကြောက်တာအမှန်ပဲ၊ မရဘူးဟေ့၊ မင်းကြောက်တဲ့ ရေထဲကိုပဲ နှစ်ပြီးသတ်မယ်'

စူဠလိပ်ဟာ ဘယ်လိုမှတောင်းပန်ပေမယ့် မရဘူး၊ သူ့ကို ယမုန်နာမြစ်ထဲ ပစ်ချလိုက်ပါရောတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ် ဟန်ဆောင် ကောင်းလှတဲ့ လိပ်ဟာ ရေထဲကို ရောက်သွားတာနဲ့ ရေထဲငုပ်လျှိုးပြီး ထွက်ပြေးတော့တာပေါ့။

အမှန်မှာ လိပ်ဆိုတာ ရေကြိုက်တဲ့အမျိုး၊ ရေကြောက်ချင် ယောင်ဆောင်ခဲ့တော့ သေဘေးက လွတ်ခဲ့တာပေါ့။

စူဠဆိုတာ အငယ်၊ စူဠလိပ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ လိပ်ငယ်လို့ ခေါ်ပါတယ်။

+ + ÷

www.burmeseclassic.com

www.burmeseclassic.com

## သူဖျားမကောင်းကြီးကိုယ်ပဲခံ

ပုံ။ ရှေးရှေးတုန်းက တောကြီးတစ်တောမှာ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့ မြေခွေးတစ်ကောင်ရှိသတဲ့။

တစ်ကိုယ်ကောင်းဆန်တတ်တဲ့အကျင့်ရှိလို့ မြေခွေးအချင်းချင်းတောင် အပေါင်းအသင်းမလုပ်ကြဘူး။

ဒါကြောင့်မို့ သူဟာ တောထဲမှာ တစ်ကောင်တည်းလှည့်လည် ကျက်စားနေရတယ်။

တစ်နေ့မှာ တခြားတောတစ်ခုကနေ ပြောင်းရွှေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ကျားတစ်ကောင် ရှိခဲ့တယ်။ အဲ့သည် ကျားဟာ သား ကောင်တွေကို လှည့်လည်ဖမ်းဆီးရင်း တောနက်ထဲကိုရောက် လာတယ်။ ဘာကောင်မှလည်းမရဘူး။

ကျားဟာ ဆာလောင်မွတ်သိပ်လာတာပေါ့။

'သားကောင်ကြီးတွေကို လိုက်ရှာပြီး သောဘာတက်နေရင် ငါ်တ်မှာပဲ၊ သူတို့က ငါ့အနံ့ကို ရကြလို့လား မသိဘူး၊ အရှောင်အတိမ်း ကောင်းနေကြတယ်၊ လွယ်လွယ်ကူကူ သား ကောင်ငယ်လေးတွေကိုပဲ လိုက်ရှာပြီး စားတော့မယ်'

အဲ့ဒီလို ဆုံးဖြတ်ပြီး လိုက်ရှာစားမယ်ဆိုတော့လည်း သား ကောင်ငယ်လေးတွေကိုလည်း ရှာမတွေ့ပြန်ဘူး။

ကျားဟာ စိတ်ညစ်လာတယ်။သည်တောထဲကသားကောင် တွေဟာ ဘယ်လောက်အထိ ပါးနပ်ကြတယ်ဆိုတာကို သိသွား တယ်။

သည်လိုနဲ့ ဟိုစမ်းစမ်း သည်စမ်းစမ်း ထွက်လာခဲ့ရာ သစ် ပင်အောက်မှာ အိပ်ပျော်နေတဲ့ မြေခွေးကို သွားတွေ့တယ်။ သင်းကွဲနေတဲ့ မြေခွေးဟာလည်း အစာရှာမရလို့ ဗိုက်ပျက် ပျက်နဲ့ အိပ်နေတာပဲ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျားဟာ မြေခွေးကိုပဲ စားတော့မယ်ဆိုပြီး ဆုံးအဖြတ်မှာ မြေခွေးလည်း လန့်နိုးသွားတယ်။

'ဟား....ဟား....ဟား၊ မင်းကိုစားရမယ်ကွ'

'ကျွန်တော့်ကို စားရင် အသင်ကျားမင်း ဘယ် ဝနိုင်ပါ့မလဲ၊ ကျွန်တော်လဲ အစားမစားရလို့ ပိန်လှီနေပါတယ်၊ ကျွန်တော့်ရဲ့ မိတ်ဆွေတွေ မျောက် သားအမိ ရှိကြပါတယ်၊ သူတို့ဟာ ဝဖြိုးကြလို့ အင်မတန် စားကောင်းမှာပါ'

'ဟေ....ဟုတ်လား၊ ဒါဆို မျောက်သားအမိကိုပဲ၊ သွားစားကြမယ်၊ မင်း လိုက်ခဲ့'

'ဒီတောက သားကောင်တွေဟာ အင်မတန်မှ ပါးနပ်ကြပါတယ်၊ အရှင်ကျားမင်း လိုက်လာရင် သူတို့ရိပ်မိသွားပြီး ထွက်ပြေးသွားကြမှာ၊ ကျွန်တော်မျိုး လိမ်ညာပြီး အရှင့်ရှေ့ မျောက် ရောက်အောင်ခေါ်လာခဲ့ပါ့မယ်'

'မလိုချင်ဘူး၊ မင်းကို ငါမယုံဘူး၊ ငါပါ တစ်ပါတည်း လိုက်ခဲ့မယ်'

ကျားဟာ မြေခွေးကိုမယုံဘူး၊ ဒါကြောင့် ...နဲ့

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးရဲ့ အမြီးကိုချည်ပြီး မျောက်သားအမိ ဆီကို သွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။

အဲ့သည်အချိန်မှာ သူတို့ သတိမပြုမိတဲ့ အခြေ အနေ တစ်ခု ရှိတယ်။

မျောက်ကလေး တစ်ကောင်ဟာ သူတို့ရဲ့ ပြောစကားကို သစ်ပင်ပေါ်ကနေ နားထောင်ပြီး ထွက်ပြေးသွားတယ်။

အဲ့သည် မျောက်ကလေးဟာ သူ့ အမေ မျောက်မကြီးကို အကျိုးအကြောင်း ပြန်ပြောပြတာပေါ့။

မျောက်သားအမိဟာ မြေခွေးရဲ့ မိတ်ဆွေတွေပဲဖြစ်တယ်။ မျောက်မကြီးလည်း နည်းနည်းတော့ တုန်လှုပ်သွားပေမယ့် စိတ်ကူးတစ်ခုရသွားတယ်။

'ဘာမှ မပူနဲ့သား၊ သူတို့ရောက်လာရင် အမေ သင်ထား တဲ့အတိုင်းသာ ပြော'

မျောက်မကြီးလည်း သားငယ်မျောက်ကို စကားတွေသင် ပေးသတဲ့။

မကြာခင်မှာ မြေခွေးနဲ့ကျားဟာ မျောက်သားအမိ ရှိ အတူတူလာခဲ့ကြသတဲ့။

ကျားဟာ မြေခွေးရဲ့စကားကိုမယုံလို့ သူ့ အမြီးနဲ့ မြေ ခွေးရဲ့အမြီးကို ချည်နှောင်ထားတယ်။

www.burmeseclassic.com



'ဟော....မင်းပြောတဲ့ မျောက်မကြီးဆီကို မရောက်သေး ဘူးလား'

လို့ မေးတော့ မြွေနေးက....

'ရောက်ပါပြီ၊ ဟောဟိုနားမှာပါ'

လို့ ပြန်ဖြေသတဲ့။

မျောက်မကြီးဟာ သူတို့ကိုမြင်လိုက်တာနဲ့ မမြင်ချင်ယောင် ဆောင်ပြီး....

'သားလေး....ဒီကနေ့ အမေတို့ ကျွဲသား စားရလိမ့် မယ်'

'ဟုတ်လား အမေ၊ ကျွဲသားဟာကောင်းလား၊ ဘယ် လိုရမှာလဲ'

'အမေတို့ရဲ့မိတ်ဆွေ ဦးဦးမြွေနေးက ကျွဲတစ်ကောင် အမေတို့စားဖို့ ညာပြီးခေါ်လာလိမ့်မယ်၊ ကျွဲသားဟာ သိပ် ချိုတယ်၊ အမေကတော့ ကျွဲသားကိုပဲစားတယ်၊ တခြား အာအသားကိုမှ မစားဘူး'

မျောက်မကြီးဟာ မလှမ်းမကမ်းကိုရောက်လာတဲ့ မြွေနေး နဲ့ကျွဲကို အခုမှလှမ်းပြီး မြင်မိလိုက်သလိုနဲ့....

'အသင် မြွေနေး၊ ငါတို့စားဖို့ ယူလာမယ်ဆိုတဲ့ကျွဲဟာ အခုရှင်က သင်ယူလာတဲ့ ကျွဲတွေနဲ့ မဟုတ်ပါလား၊ ပိန်လှချည် လား'

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျားဟာ မျောက်မကြီးသားအမိပြောတဲ့စကားကို ကြား ပြီးဖြစ်တယ်။ အခုလည်း ကြားလိုက်ပြန်တော့ အံ့ဩတုန် လှုပ်သွားပြီး....

'ဟဲ့....မြေခွေး၊ နင်ဟာမျောက်မကြီး သားအမိရဲ့ အစာ အတွက် လိမ်ညာပြီးခေါ်လာခဲ့တာကိုး၊ နင်ဟာတော်တော့ ကိုကောက်ကျစ်တဲ့ သတ္တဝါပဲ'

ဆိုပြီး အလန့်တကြားနဲ့ ထွက်ပြေးပါတော့တယ်။

မြေခွေးဟာလည်း ကျားကိုဘယ်လိုမှ ရှင်းပြချိန်မရလိုက် ဘူး....။


ကျားရဲ့နောက်ကို ဒရွတ်တိုက်ပါသွားတယ်၊ အားကောင်း တဲ့ကျားက ဇွတ်အတင်းပြေးလို့ လမ်းတစ်နေရာမှာမြေခွေးရဲ့ ခေါင်းကို ကျောက်တုံးတစ်ခုနဲ့ ရိုက်မိသွားတော့ ပွဲချင်းပြီး သေပါလေရော။

သူများ မကောင်းကြံ၊ ကိုယ်ပဲခံရတယ်ဆိုတဲ့ မြေခွေးရဲ့ ဥပမာလေးကို သင်ခန်းစာ ယူနိုင်ကြပါစေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နှင့်ကိုကျွေးတာ

တစ်ခါက ရွာတစ်ရွာမှာ သူဆင်းရဲ ကိုတက်ပုဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ကိုတက်ပုဟာ ဆင်းရဲလွန်းတဲ့ အတွက် အဝတ်လေး နှစ်စုံလောက်နဲ့ပဲ လည်ပတ်နေရှာတယ်။

ဘုရားပွဲတွေ၊ အလှူပွဲတွေသွားရင် နွမ်းနွမ်းဖပ်ဖပ်နဲ့မို့ ထည်ဝါခြင်း မရှိဘူးပေါ့။

တစ်နေ့တော့ ရွာထဲကငွေကြေးအသင့်အတင့်ရှိတဲ့ လူတစ်ယောက်က အလှူလုပ်တယ်။ လူတော်တော်များများကို ဖိတ်တယ်၊ ကိုတက်ပုလည်း အပါအဝင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


'ဆက်ဆက်လာခဲ့နော် ကိုတက်ပု'

'စိတ်ချ ကိုချမ်းသာ၊ လာဖြစ်အောင် လာခဲ့မယ်'

ကိုတက်ပုဟာ သူ့ကိုအရေးတဝင် ဖိတ်လိုက်တယ် ဆိုတော့လည်း....

အလှူရက်မှာ ဝမ်းပန်းတသာနဲ့ သွားတာပေါ့။

အလှူအိမ်ကိုရောက်တော့ အလှူရှင်ဟာ ဝတ်ကောင်းစားလှဝတ်လာတဲ့သူ၊ စိန်၊ရွှေရတနာတွေ ကိုယ်မှာဆင်မြန်းလာတဲ့လူတွေကိုပဲ အရေးလုပ်ပြီး ဖိတ်ခေါ်နှုတ်ဆက်တာကို တွေ့ရတယ်။

'ဟာ....ပွဲစားကြီး ဒီဘက်ကိုကြွပါ၊ ဟိုဘက်က မင်းကတော်ကြီး၊ ဒီဘက်ဝိုင်းကို ကြွပါခင်ဗျာ'

ငွေကြေးရှိတဲ့သူ၊ သူဌေးသူကြွယ်တွေကို စကားတွေ ရှန်းရှန်းဝေနေအောင်ပြောပြီး လိုလိုလားလား ဖိတ်ခေါ် နှုတ်ဆက်နေမယ်....

အဝတ်အစား မတောက်ပြောင်တဲ့ကိုတက်ပုကိုတော့ ဘာသိဘာသာပဲတဲ့၊ကိုတက်ပုဟာအလှူမှာစားသောက်ပြီးအောင်

www.burmeseclassic.com

သက်သက်နဲ့ ပြန်ခဲ့ရတယ်။ လမ်းမှာလည်း တစ်လမ်းလုံး ကြိမ်းဝါးလာခဲ့တယ်။

သိထားကြသေးတာပေါ့ကွာ။

နောက် သိပ်မကြာခင် အလှူရှင်ဟာ အလှူလုပ်ပြန်တယ်။ ထုံးစံအတိုင်း ကိုတက်ပုအ ပါအဝင် လူတော်တော်များများကို ဖိတ်တာပေါ့။

'လာခဲ့ဦးနော် ကိုတက်ပု'

'ဟာ....သိပ်လာတာပေါ့'

ကိုတက်ပုဟာ သူ့သူငယ်ချင်းကို အကျိုး အကြောင်း ပြောပြပြီး အဝတ်အစားကောင်းကောင်းတွေကို ငှားတယ်။ ဝတ်တယ်။ သူ့ပုံစံက တကယ့်သူဌေးကြီးလိုလို၊ မင်းစိုးရာဇာ အသိုင်းအဝိုင်းကလိုလို ထင်မှတ်စရာပဲပေါ့။

ဒါနဲ့ အလှူအိမ်ကို ကိုတက်ပုက သွားရောဆိုပါတော့၊ အလှူမဏ္ဍပ်ရှေ့ ရောက်ကာယ်ဆိုရင်ပဲ အလှူရှင်နဲ့ တန်းပြီး တွေ့တယ်။

အဝတ်အစား တောက်ပြောင်စွာ ဝတ်ထားတဲ့ကိုတက်ပု ကိုလည်းတွေ့ရော ပျာပျာသလဲ....

'ဟာ....ကိုကြီးတက်ပု၊ အခုမှလာတာကိုး၊ ရှေ့သို့ကြွ

www.burmeseclassic.com

တာဗျ၊ ဒီဘက်ကိုကြွ၊ အဟင်း....ကိုကြီးတက်ပုတို့များ စော စောလာပြီး ချီးမြှင့်ဖို့ကောင်းတယ်'

အဲ့သလိုပျာယာခတ်ပြီး မျက်နှာချိုသွေး ပြောလိုက်တယ် ဆိုရင်ပဲ ကိုတက်ပုဟာ ပြုံးလိုက်တယ်။

'အင်း....အဝတ်အစား မျက်နှာကြောင့် ငါ့ကိုအရမ်း ဖော်ရွေကြတာကိုး၊ လူတွေဟာ အပြောင်းအလဲတယ်မြန်တတ် ကြပါလား'

ကိုတက်ပုဟာ လူကုံထံ အသိုင်းအဝိုင်းကြားကို ရောက် သွားတယ်၊ ကိုတက်ပုကို အနားမှာရှိတဲ့လူတွေက ဖော်ရွေ စွာဆက်ဆံကြတယ်၊ ဒါဟာပုံမှန်ဆက်ဆံရေး မဟုတ်ဘူး၊ ရိုးသားတဲ့ခင်မင်မှု မဟုတ်ဘူးဆိုတာ သိတယ်။

ကိုတက်ပုဆီကို မုန့်ဟင်းခါး လာချပေးတယ်။ မုန့်ဟင်း ခါးပန်းကန်ကိုကြည့်ပြီး ရင်ထဲမှာ နာကျင်လာမိတယ်။

ဒါကြောင့် မုန့်ဟင်းခါးပန်းကန်ကိုယူပြီး သူ့ပခုံးပေါ် ရှုတ်တရက်သွန်ပစ်လိုက်တယ်။

'စားစမ်း၊ အဝတ်အစားကိုကျွေးတာ၊ ငါ့ကိုကျွေးတာ မဟုတ်ဘူး၊ ရော့....စားစား၊ နင့်ကိုကျွေးတာတဲ့'

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ပါးစပ်ကလည်းပြောတယ်၊ လူတွေဟာ ကိုတက်ပု ကိုအံ့အားသင့်ပြီး ကြည့်နေကြတယ်။


နောက်တော့ သဘောပေါက်သွားကြတယ်။

ကိုတက်ပုလည်း အလှူအိမ်ကနေ ထွက်သွားတော့တယ်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငါးတို့ရဲ့ကမ္ဘာ

မောင်လူလှလေးဟာ ငါးပြတိုက်ဆီကို ကျောင်းသူ ကျောင်းသားတွေနဲ့အတူ သွားရောက် ကြည့်ရှုခွင့်ရတယ်။

ငါးတွေအမျိုးအစားပုံ၊ အရွယ်အစားမျိုးစုံကို ကြည့်ပြီး သိပ်ပြီးတော့ စိတ်ဝင်စားနေမိတာပေါ့။

အထူးသဖြင့် ရေအောက်မှာသွားလာနေတဲ့ ငါးတွေဟာ တစ်ချိန်လုံးမျက်စိဖွင့်ထားကြတယ်၊သူတို့ဟာ အမြီးလေးနွေ လှုပ်ခတ်ပြီး သွားလာနေကြတယ်။ ငါးတွေဟာ မအိပ်တတ် ကြဘူးလို့ ထင်မိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

မောင်လူလှလေးဟာ အိမ်ကိုပြန်ရောက်တော့ ငါးလေးတွေရဲ့အကြောင်းကို စဉ်းစားရင်း အိပ်ပျော်သွားမိတယ်။

ဘယ်လောက်ကြာသွားသလဲ မသိဘူး၊ သူ့ကို တစ်စုံတစ်ယောက်က ပခုံးပုတ်ပြီး လာနှိုးတယ်။

'ဟေ့....မောင်လူလှ၊ ထ....ထ'

မောင်လူလှ လန့်နိုးသွားတယ်၊ မြင်လိုက်ရတာကတော့ ငါးလေးတစ်ကောင်ပဲ ဖြစ်တယ်။

'ဟင်....ငါးလေးပါလား၊ မင်းကဘယ်လို ငါ့ဆီကိုရောက်လာတာလဲ'

'မင်းက ငါတို့ကို စိတ်ဝင်စားတယ် မဟုတ်လား၊ အေး.... ငါတို့ငါးတွေကလဲ သဘာဝလေးတွေကို ပြချင်လို့ မင်းကိုခေါ်လာတာပါ၊ လာ....လာ ငါနဲ့လိုက်ခဲ့'

ငါးလေးတွေဟာ မောင်လူလှရဲ့လက်ကိုဆွဲပြီး ခေါ်သွားတယ်၊ ရေကန်တစ်ခုဆီကို ရောက်သွားတယ်။

ရေကန်ထဲကို ငါနဲ့အတူတူဆင်းရမယ်၊ ဒါပေမယ့် အသက်မှုမပူနဲ့၊ ရေအောက်မှာ ငါတို့ငါးတွေလို မင်းအသက်ရှူလို့ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်ပါ့မလား'

'မယုံရင် မင်း စမ်းကြည့်လေ'

ရေကန်ထဲကို အတူတူခုန်ချလိုက်ကြတယ်။ သူတို့ဟာ ရေ နက်ထဲကို ရောက်သွားကြပေမယ့် မောင်လူလှဟာ အသက် ကောင်းကောင်း ရှုနိုင်တာကို တွေ့ရတယ်။ သူ့ကိုယ်သူ လည်း အံ့အားသင့်နေမိတယ်။

'အော်....ဟုတ်တယ်၊ ငါလဲမင်းလိုပဲ ရေအောက်မှာ နေနိုင် တယ်'

သူတို့ဟာ ရေထဲမှာ ကူးခတ်လိုက်ကြတာ၊ တစ်နေရာကို ရောက်တော့ တစ်နေရာတည်းမှာ ငြိမ်သက်နေကြတဲ့ ငါး အချို့ကို တွေ့လိုက်ရတယ်။

'မောင်လူလှ၊ ငါတို့ငါးတွေဟာ ခုလိုမျက်လုံးတွေဖွင့်ပြီး ငြိမ်နေတာဟာ အိပ်စက် အနားယူနေကြတာကွ၊ တချို့ ငါး တွေ ငြိမ်ပြီးနေကြတာလဲ အကြောင်းမဲ့မဟုတ်ဘူး၊ အိပ်စက် ခြင်းတစ်မျိုးပဲ'

'ဪ...ရေထဲမှာ မကူးခတ်ဘဲ ငြိမ်ငြိမ်လေးနေတာဟာ လဲ ငါတို့လူတွေလိုပဲ အိပ်စက်အနားယူခြင်းတစ်မျိုး ဖြစ်နေ တာပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'အေး....ရေအောက်ကြမ်းပြင်ပေါ်မှာ မျက်လုံးတွေဖွင့်ပြီး တစ်ကောင်ချင်း ငြိမ်ငြိမ်လေးနေနေကြတာ၊ မင်းတို့လူသားတွေလို အိပ်စက် အနားယူကြတာပေါ့လို့ ပြောပြီးဖြိုလေ၊ တော်တော်ကြာမှ သိပ်အိပ်ပျော်နေတဲ့ ငါးတွေပြန်ပြီး တစ်ကောင်ချင်း အုပ်စုဖွဲ့ပြီးမှကိုယ်သွားချင်တဲ့နေရာကို ထွက်သွားကြတာပေါ့၊ လူတွေ မနက် အိပ်ရာကထပြီး အစာရှာထွက်သလိုပေါ့ကွာ'

မောင်လူလှဟာ တစ်နေရာကိုရောက်တော့ ချုံပျစ်နေတဲ့ အရာတစ်ခုထဲမှာ ငါးတစ်ကောင်ကို တွေ့လိုက်ရတယ်။

'ဟာ....ဟိုငါးလေးဟာ ကပ်စေးနဲ့လိုအရာတွေထဲမှာ ပိတ်မိနေတယ်ထင်တယ်၊ သွားဖယ်ပေးလိုက်ဦးမှပဲ'

'ဟ....သူပိတ်မိနေတာ မဟုတ်ဘူး၊ တချို့ ငါးတွေဟာ သူတို့ရဲ့ခန္ဓာကိုယ်ကို အကျိအချွဲတွေနဲ့ အခုလိုပဲ ဖုံးအုပ်ပြီးမှ ငြိမ်ငြိမ်လေး အိပ်လေ့အိပ်ထ ရှိတယ်လေ'

'ဩော်....ဟုတ်လား၊ မသိပါဘူးကွာ၊ အင်း....မင်းတို့ ငါးတွေမှာလဲ အလေ့အထ အမျိုးမျိုးပဲနော်'

တစ်နေရာကို ရောက်ကြပြန်တော့ သဲထဲမှာ တစ်ကောင် ကောင်စင်ပြီး လှုပ်ရှားနေတာကို တွေ့ရတယ်။ သဲပြင်ဟာ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဟော....ဟိုဟာဘာလဲ၊ သဲထဲမှာ ငါးဝင်နေလို့လား'

'မဟုတ်အူးကွ၊ဖွံ့တစ်ကောင်တွင်းတူးပြီးအထဲမှာ ဝင်အိပ်နေတာလေ၊ သဲတွေ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတာဟာ သူ အသက်ရှူနေလို့ ပေါ့'

'ဟာ....ဟုတ်လား၊ ဒို့သူတို့ရဲ့သဘာဝလဲ တစ်မျိုးပဲနော်၊ ကဲ....အခုလို မင်းတို့ငါးတွေရဲ့သဘာဝကို သိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ ငါ့ကိုလဲခွင့်ပြုပါဦး'

'အေးအေး....နောက်ကိုလဲ ငါတို့ဆီကို လာလည်နိုင်ပါတယ်ကွာ၊ မင်း ဒီထက်မက အများကြီးသိစရာတွေရှိနေသေးတယ်ကွ'

မောင်လူလှလည်း ငါးလေးကိုသိပ် ကျေးဇူးတင်သွားတာပေါ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြစ်တစ်ဖက် ဝက်လက်ကာင်

ဟိုး ရှေးရှေးတုန်းက အင်မတန်ပိုက်ဆံချမ်းသာတဲ့ သူဌေးကြီးတစ်ယောက် ရှိတယ်။

အဲ့သည် သူဌေးကြီးမှာ ကျွန်ယုံသောနံ့ဆိုတာ ရှိတယ်။ သောနုဟာသူဌေးကြီးရဲ့လက်ထဲမှာရှိနေခဲ့တာ အတော်လေးကို ကြာခဲ့ပြီ။

သူဟာ ကျွန်အဖြစ်က လွတ်မြောက်ချင်နေခဲ့တာ [illegible]နဲ့ပဲ။ သူဌေးကြီးကိုတော့ မပြောရဲပေမယ့် ဘချင်းချင်းတွေတော့ သည်စကားကို မကြာခဏပြောဘယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ကျွန်အဖြစ်ကလွတ်ချင်လှပြီကွာ၊ သူ့လက်အောက်မှာ မနေချင်တော့ဘူး'

'မဖြစ်နိုင်တာတွေ ပြောမနေပါနဲ့သောနရာ၊ ငွေတွေပုံပေးရမှာကွ၊ ဘယ်မလဲအဲဒီငွေတွေ၊ ငါတို့မှာ အသပြာတစ်ပြားတောင် ရှိလို့လားကွ'

အဲ့ဒီလို တိုင်ပင်ပြောဆိုနေကြတဲ့ စကားတွေကို သူဌေးကြီးက ကြားသွားသတဲ့။ သောနကို သူ့ရှေ့ ခေါ်လိုက်တယ်။

'ဟဲ့…သောန၊ နင်ကျွန်အဖြစ်က လွတ်ချင်တယ်လို့ ပြောတယ်ဆို'

သောနလည်း သူဌေးကြီး သိသွားတာကို အံ့အားသင့်သွားတယ်၊ မထူးတော့ဘူးဆိုပြီး ဟုတ်ပါတယ်'လို့ ဝန်ခံလိုက်ရတာပေါ့။

'အေး….ကျွန်အဖြစ်က လွတ်မြောက်ချင်ရင် ပေါဒီမြစ်ထဲမှာ တစ်ညလုံး ရေစိမ်နေ၊ နေနိုင်ရင်လွှတ်ပေးမယ်'

သူဌေးကြီးက အဲ့သည်လို ပြောလိုက်တယ်။ ဆောင်းကာလကြီးမှာ တစ်ညလုံး မြစ်ထဲဆင်းပြီး ရေစိမ်နေရမယ်ဆိုတော့ တော်တော့ကိုမလွယ်တဲ့ကိစ္စပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သောနဟာ ကျွန်အဖြစ်က လွတ်ချင်ဇောနဲ့ ဘာပဲဖြစ်ဖြစ် သေကာမှသေရော၊ ငါမြစ်ထဲဆင်းနေပြမယ်လို့ ဆုံးဖြတ်လိုက်သတဲ့။

'သူဌေးမင်း၊ ကျွန်တော်မြစ်ထဲမှာ တစ်ညလုံး ဆင်းစိမ်ခံ နေပါ့မယ်၊ ကတိအတိုင်း ကျွန်အဖြစ်ကသာ လွတ်မြောက်ခွင့် ပေးပါ'

'ကောင်းပြီ၊ ငါကတိ တည်စေရမယ်'

သောနဟာချမ်းအေးလှတဲ့ ဆောင်းဒဏ်ကို ကြံ့ကြံ့ခံရင်း မြစ်ထဲမှာ တစ်ညလုံး ရေစိမ်နေသတဲ့၊ မနက်လည်းရောက်ရော သူဌေးကြီးဆီကို အပြေးသွားရင်း....

'ကျွန်တော်တစ်ညလုံး မြစ်ထဲမှာနေနိုင်ခဲ့ပါသယ်၊ သူဌေး မင်းသူဌေးမင်းရဲ့ ကတိအတိုင်း ကျွန်အဖြစ်က လွတ်မြောက် ခွင့်ပေးပါ'

အဲ့သည်လိုပြောတော့ သူဌေးကြီးက ဘာပြန်ပြောသလဲ ဆိုရင်....

'ဒီမှာ သောန၊ မင်းမြစ်ထဲဆင်းပြီး ရေစိမ်နေတဲ့အချိန်မှာ မြစ်တစ်ဖက်ကမ်းမှာ မီးပုံကြီးတစ်ပုံဖိုထားတာကို တွေ့ရသယ်၊ မင်း အဲ့ဒီမီးကို လှုံတယ်၊ မီးအပူရှိန်ကြောင့် အအေးဒဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခံစေနိုင်ခြင်း ဖြစ်တယ်၊ ဒါကြောင့်မို့ မင်းကို ကျွန်အဖြစ်က လွတ်မြောက်ခွင့် မပေးနိုင်ဘူးဟေ့'

'သူဌေးမင်း၊ မြစ်ရဲ့တစ်ဖက်ကမ်းကနေပြီး ဟိုဘက်ကမ်း မှာရှိတဲ့မီးကို လှမ်းပြီးလှုံဖို့ဆိုတာ မဖြစ်နိုင်ပါ'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်တယ်ဟေ့'

သူဌေးကြီးဟာ ဇွတ်ငြင်းတယ်၊ ညစ်တယ်လို့ ဆိုရမှာ ပေါ့။ နောက်ဆုံးမှာ ကျွန်နဲ့သူဌေးမို့ သောနကပဲ အရှုံးပေး လိုက်ရတယ်။ သူဌေးကတိပျက်တယ်ဆိုတာတော့သိတယ်။

သညီလိုနှင့်ကြာလာတော့ တစ်ရက်မှာ သူဌေးကြီးဟာ သောနကို ခေါ်တယ်။

'သောန....ဟောဒီဝက်သက်ကို မီးကင်ပေး'

ဝက်ဘစ်ကောင်ရဲ့လက်ကိုပေးလိုက်တော့ သောနဟာချက် ချင်းပဲ အကြံတစ်ခု ရသွားတယ်။ ဝက်သက်ကို ယူသွားပြီး သည်ဘက်ကမ်းကနေ ဟိုဘက်ကမ်းမှာမြင်နေတဲ့ မီးပုံကြီးကို ကြည့်ပြီး မီးကင်သတဲ့။

အတော်သေးလည်းကြာရော ကျက်ပြီဆိုပြီး သူဌေးကြီးကို သွားပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဟာ ဝက်လက်ကို သေသေချာချာ ကြည့်လိုက်တော့ မကျက်ဘဲ အစိမ်းအတိုင်းပဲ ဖြစ်နေတာကို တွေ့ရတယ်။

'သောန။ ဝက်လက်ဟာ ဘယ်မှာ ကျက်သေးလို့လဲ၊ အစိမ်းအတိုင်းပဲ ရှိပါသေးလား'

'ကျက်ပါပြီသူဌေးမင်း၊ ကျွန်တော် မီးအားကောင်းကောင်းနဲ့ကို သေသေချာချာကင်ထားတာပါ'

သောနလည်း မင်သေသေဖြင့် ပြန်ဖြေသည်။

'ဘာကွ...မီးအားကောင်းကောင်းနဲ့ ကင်ရင် ကျက်ရမှာပေါ့၊ ဘယ်မီးနဲ့ ကင်တာလဲ'

'ကျွန်တော် ဒီဘက်ကမ်းကနေပြီး ဟိုဘက်ကမ်းမှာရှိတဲ့ မီးပုံကြီးကိုကြည့်ကင်တာပါ'

'သောန...မဖြစ်နိုင်တာကို မပြောနဲ့၊ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကမီးပုံကိုကြည့်ပြီး ကင်လို့ရမလား'

အဲ့သည်အခါမှာ သောနကလည်း ပြုံးစေ့စေ့နှင့်....

'သူဌေးမင်း....ကျွန်တော် မြစ်ထဲရေဆင်းချိုးနေတဲ့အခါ သူဌေးမင်းကပြောဘယ်၊ တစ်ဖက်ကမ်းကမီးကြောင့် အပူဓာတ်ရသတဲ့၊ အဲ့ဒါဖြစ်နိုင်ပါ့မလားဆိုတာ သိချင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သောနကပြောလိုက်တော့ သူဌေးမင်းဟာ သူ့အမှားကို
ချက်ချင်းပဲသိတယ်။

'သောန....မင်းဟာဉာဏ်ကောင်းလှပါတယ်၊ မင်းကိုကနေ
ကာဒမြီး ကျွန်အဖြစ်ကနေ အပြီးအပိုင် လွှတ်လိုက်ပြီ၊ မင်
သွားလိုရာသွားပေတော့'

သူဌေးက လွှတ်လိုက်တော့ သောနလည်း ကျွန်ဘဝက
လွတ်မြောက်သွားတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အကြံဉာဏ်ကောင်းတဲ့ မင်းသားလေး

ဟိုးရှေးရှေးတုန်းက မင်းသားလေး တစ်ပါးဟာ တောလည်ခရီးထွက်ခဲ့တယ်၊ တောထဲကိုရောက်တော့ သားကောင်တစ်ကောင်ကို တွေ့တာနဲ့ လိုက်ကြရင်း အဖော်တွေနဲ့ ကွဲသွားခဲ့တယ်။

သူတစ်ပါးတည်း တောထဲလျှောက်သွားနေရင်း တစ်နေရာကိုရောက်တော့ ငိုသံလိုလို ကြားလိုက်မိတယ်။

'ငိုသံပါလား၊ ဘယ်ကများပါလိမ့်'

တစ်ချက်တစ်ချက် ပေါ်လာတဲ့ငိုသံနောက်ကို လိုက်ရှာတဲ့အခါ တစ်နေရာကိုရောက်သွားတော့ ထောင်ချောက်ကြီး တစ်ခုကို တွေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငိုသံဟာ တောင်ပို့ကြီးထဲက လာတာပဲဆိုတာ သိလိုက်ရတယ်။ သွားပြီးကြည့်လိုက်တော့ တောင်ပို့ကြီးထဲက ထွက်နေတဲ့ ဆံပင်တွေကို တွေ့လိုက်ရတယ်။

မင်းသားလေးဟာ ဆံပင်တွေကို ခြေမလေးနဲ့ညှပ်ပြီး ဆွဲယူလိုက်တဲ့အခါ အင်မတန် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ပါလာပါတယ်၊ မင်းသားလေးလည်း အံ့အားသင့်သွားတာပေါ့။

'မင်း ဘယ်လိုကြောင့် တောင်ပို့ကြီးထဲကို ရောက်နေရတာလဲ'

'ကျွန်မကိုလူကြီးတစ်ယောက်က မတရား ဖမ်းဆီးထားပြီး တောင်ပို့ကြီးထဲမှာ ချုပ်နှောင်ထားတာပါ၊ သူ့အချစ်ကို ငြင်းပယ်တဲ့အတွက် အနိုင်ကျင့်ထားတာဖြစ်ပါတယ်'

'အို...ဟုတ်သား'

'အသင်မင်းသားလေးဟာ ကျွန်မကို ကယ်လို့ အနှောင်အဖွဲ့က လွတ်မြောက်သွားခဲ့ပေမယ့် ဆံပင်ကိုခြေထောက်နဲ့ ညှပ်ယူခဲ့တဲ့အတွက် စိတ်ဆိုးတယ်ရှင့်'

မိန်းကလေးဟာ မင်းသားကလေးကို စိတ်ဆိုးပြီး စကားမပြောတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးရဲ့ အပေါင်းအဖော်တွေနဲ့ ပြန်တွေ့တဲ့အခါ မိန်းကလေးကိုနန်းတော်အထိခေါ်သွားသတဲ့။ သူ့တိုင်းပြည်ကိုရောက်တော့ သီးခြားအဆောင်လေးတစ်ခုနဲ့ ထားသတဲ့။

ဒါပေမယ့် မင်းသားလေးကို မိန်းကလေးက စကားမပြောဘူး၊ စိတ်ဆိုးနေတုန်းပဲ။ မင်းသားလေးကတော့ မိန်းကလေးကို ချစ်နေပြီမို့ အဆောင်ထဲ မကြာခဏ သွားပြီး စကားပြောခွင့်ရအောင် ကြိုးစားသတဲ့။ ဘယ်လိုပဲကြိုးစားပေမယ့် မရပါဘူး။

ဇွဲမလျှော့တဲ့ မင်းသားလေးဟာ မိန်းကလေးက သူ့ကို စကားပြောဖို့ စိတ်ကူးဥာဏ်ထုတ်တယ်။

စိတ်ကူးရလာတာနဲ့ မိန်းကလေးနေတဲ့အဆောင်ကို သွားတယ်။ မီးဖိုချောင်ထဲကိုခပ်တည်တည်နဲ့ဝင်သွားပြီး လက်နှိုးကို ခေါင်းမှာပတ်တယ်။ စလောင်းဖုံးကို ခေါင်းပေါ် ဆောင်းတယ်။ ယောက်မကို ခါးကြားမှာ ထိုးထားသတဲ့။

ထမင်းကို သူကိုယ်တိုင်ချက်တယ်။ ထမင်းအိုးတည်တယ်။ ထမင်းအိုးဆူလာတဲ့အခါ....

'ဟာ...ယောက်မ ဘယ်ရောက်နေပါလိမ့်'

ဆိုပြီး ခပ်တည်တည်နဲ့ ဟိုသည်လိုက်ရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁

မင်းသားလေးကို တစ်ချိန်လုံးစောင့်ကြည့်နေတဲ့ မိန်းကလေးက မနေနိုင်တော့တာနဲ့....

'ခါးကြားမှာ ထိုးထားတာ ယောက်မမဟုတ်သား'

လို့ ဝင်ပြောလိုက်သတဲ့။ မင်းသားကလေးလည်း စကားတစ်ခွန်း ရသွားသတဲ့။ ထမင်းရည်ငှဲ့ပြီးတဲ့အခါ အဖိုးဖိုးဖို့ ဇလောင်းဖုံးကို ရှာပြန်တယ်။

'ဇလောင်းဖုံးလဲ ရှာမတွေ့ဘူး'

လို့ ပြောပြန်သတဲ့။ အဲ့သည်အခါ မိန်းကလေးလည်း မအောင့်အည်းနိုင်တော့တာနဲ့....

'ဇလောင်းဖုံးက ခေါင်းပေါ်မှာ'

လို့ ပြောလိုက်ပြန်သတဲ့။ အဲ့သည်လိုနဲ့ ထမင်းအိုးဘို ချကာနီးမှာ လက်နှီးမတွေ့ပြန်ဘူး။

'လက်နှီးရှာနေတာမဟုတ်လား၊ သူ့ဘာသာသူ ခေါင်းမှာပတ်ထားပြီးတော့'

လို့ ပြောပြန်သတဲ့။

မိန်းကလေးဆီက စကားသုံးခွန်း ရလိုက်တဲ့အတွက် မင်းသားလေးလည်း သိမ်ပြီး ဝမ်းသာသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးလည်း မင်းသားလေးကိုကြည့်ပြီး မရယ်ချင်ဘဲ မနေနိုင်အောင် ဖြစ်သွားတယ်။ စိတ်ဆိုးလည်း ပြေသွားတယ်။

သူလည်း မင်းသားလေးကို စိတ်ဆိုးမယ့်သာ ဆိုးနေတာ။ ဝမ်းထဲကတော့ ချစ်နေမိတယ်။

နှစ်ကိုယ်တူ ချစ်ရည်မျှသွားခဲ့ကြပြီး မကြာခင်မှာ ထိမ်းမြား လက်ထပ်လိုက်ကြသတဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမက်ပြောတဲ့စကား

တစ်ခါတုန်းက တောမြို့လေး တစ်မြို့မှာ သူကြွယ်ကြီး ဦးဖိုးလှဆိုသူရှိသတဲ့။ သူ့မှာ မိတဆိုးသမီးလေး မပန်းမွှေး ဆိုတာ ရှိတယ်။

မပန်းမွှေးဟာ နာမည်နဲ့လိုက်အောင် ပန်းကလေးလိုလှတယ်။ လူချစ်လူခင် ပေါများတယ်။

ဇနီးသည် ကွယ်လွန်ပြီး ကတည်းက နောက်အိမ်ထောင်မပြုဘဲ စောင့်ရှောက်ကျွေးမွေးလာခဲ့တဲ့အတွက် တဖြည်းဖြည်း အပျိုအရွယ်လေးကို ရောက်လာပါတော့တယ်။

သမီးအရွယ်ရောက်လာတော့ စိတ်ကစားတတ်ပြီ့မှာ မသင့်တော်တဲ့သူနဲ့ ချစ်ကြိုက်မိသွားမှာကို အင်မတန်စိုးရိမ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အိမ်ထောင်ဖက် မမှန်မှာကို တွေးပြီး ပူပန်မိတယ်။

ဦးဖိုးလှဟာ သမီးလေး မပန်းမွှေးကို သင့်တော်တဲ့သူတစ်ဦးဦးနဲ့ အိမ်ထောင်ချပေးချင်တယ်။ အမြော်အမြင်ကြီးတဲ့သူ၊ အကြံဉာဏ်ရှိတဲ့သူဖြစ်ရမယ်။ စီးပွားရေးကိုဦးဆောင်နိုင်တဲ့သူမျိုးပေါ့။

အောင်သွယ်တွေကတော့ လာစပ်ကြပါတယ်။ စိတ်ကြိုက်မတွေ့တော့ ငြင်းပယ်လိုက်တာက များတယ်။ သမီးအတွက် အိမ်ထောင်ဘက်ယောကျ်ားကို သူကိုယ်တိုင်ရှာမှ ကျေနပ်နိုင်မယ်လို့ထင်တယ်။ သူများရှာပေးတာဟာ ပေါ့ပေါ့ဆဆမျိုးတွေ ဖြစ်လာနိုင်တယ် မဟုတ်လား။

အချိန်အတော်ကြာတဲ့အထိ သမီးအတွက် ခင်ပွန်းလောင်းကို ရှာမတွေ့နိုင်ခဲ့ဘူး ဦးဖိုးလှကတော့ ဇွဲမလျှော့ပါဘူး။

တစ်နေ့မှာ သူတို့မြို့ကို လူစိမ်းတစ်ယောက်ရောက်လာတယ်၊ လူငယ်လေးတစ်ယောက်ပါပဲ။ လူပုံလေးကချောချောသန့်သန့်လေးမို့ မဆိုးပါဘူး။ လူကြီးသူမတွေကိုလည်း ရိုသေလေးစားတယ်၊ အပြောအဆိုလည်း ရည်မွန်တယ်။

သူ့နာမည်က မောင်ကြာကွန့်လို့ ခေါ်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြာကွန့်ဟာ လမ်းလျှောက်သွားရင်း အုန်းပင်တွေကို စိတ်ဝင်စားစွာနဲ့ အမြဲကြည့်သွားတတ်သတဲ့။

မြစ်ဆိပ်မှာထိုင်ပြီးမြစ်ထဲသွားလာနေတဲ့ သင်္ဘောတွေ၊ လှေတွေကိုငေးရီပြီး ယြည့်နေတတ်သတဲ့။

သူ့ မေးကို အမြဲပွတ်ပြီး 'တစ်ခုခုကို စဉ်းစားနေတတ်တဲ့ အကျင့်ရှိတယ်'

မောင်ကြာကွန့်ကို ဦးဖိုးလှုဟာ အကဲခတ်မိလာတယ်။

အုန်းပင်တွေကို စိတ်ဝင်တစားနဲ့ မော့ကြည့်လိုက်၊ မေးလေးပွတ်ပြီး မြစ်ဆိပ်မှာ ထိုင်ငေးနေလိုက်နဲ့' ဆိုတော့....

'အင်း....သူငယ်ဟာ ကုန်ရောင်းကုန်ဝယ် တစ်ခုခုကို လုပ်ချင်လို့သာ်းပဲ၊ ရေလမ်းခရီးမှာ အုန်းသီးတွေကို သင်္ဘောနဲ့တင်ပြီး တစ်မြို့ဝင်တစ်မြို့ထွက်နဲ့ ရောင်းဝယ် ဖောက်ကားဖို့ အကြံအစည်ရှိပုံရတယ်၊ဒီသူငယ်မျိုးနဲ့ သမီးကိုပေးစားလိုက်ချင် စီးပွားရေးသမားမို့ ငွေရှာမယ်၊ စုဆောင်းမယ်၊ သမီးရွှေနှောင်ရေးအတွက် မပူပင်ရတော့ဘူးပေါ့'

စိတ်ထဲမှာ သည်အတိုင်းပဲ မှတ်ယူလိုက်တယ်။

သူကြွယ်ကြီးဟာ မောင်ကြာကွန့်နဲ့ အသိမိတ်ဆွေဖြစ်သွားတယ်။ နောက်တော့ သမီးနဲ့သင့်တော်တဲ့လူလို့ သတ်မှတ်လိုက်ပြီး သမီးမပန်းမွှေးနဲ့ ပေးစားလိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ အကြင်လင်မယားဖြစ်သွားပေမယ့်လည်း သားခက်မောင်ကြာကွန့်ဟာတစ်လနှစ်လကြာတဲ့တိုင် အလုပ်အကိုင်နဲ့ပတ်သက်လို့ စကားမဟသေးဘူး။ လမ်းသွားရင်းအုန်းပင်တွေ မော့ကြည့်လိုက်....

မြစ်ဆိပ်ကိုသွားထိုင်ပြီးမေးစေ့လေးပွတ်ကာ ငေးလိုက်နဲ့၊ အိမ်မှာနေလည်း မေးစေ့လေးစမ်းပြီး ငေးလိုက်နဲ့ အကြံတွေထုတ်နေပုံရတယ်။ ယောက္ခမလုပ်တဲ့သူကတော့ သည်လိုတွေးတယ်။

'အင်း၊ ငါ့သမက်ဟာ စဉ်းစားဉာဏ်နဲ့ အမြော်အမြင်ရှိပုံရတယ်၊ အရောင်းအဝယ် လုပ်ငန်းလုပ်ချင်တယ် ထင်ပါရဲ့၊ ငါ့ကိုမပြောရဲလို့ပဲ ဖြစ်ရမယ်၊ မေးစမ်းကြည့်ဦးမှ'

သမက်နဲ့ ဆုံမိကြတဲ့အခါမှာ....

'သား....မောင်ကြာကွန့်၊သားကိုအဖေဟာဟိုစဉ်ကတည်းက သတိပြုမိခဲ့တယ်၊ မေးလေးစမ်းပြီး တစ်ခုခုကို အမြဲတမ်းမော့ကြည့်နေတတ်တာ အုန်းသီးကုန်ကူးချင်လို့ မဟုတ်လား၊ အဖေအရင်းအနှီး ထုတ်ပေးမှာပေါ့၊ ဘယ်လောက် ယူမလဲ ပြောလေ'

အဲ့သလိုပြောလိုက်တော့ မောင်ကြာကွန့်ဟာ ယောက္ခမကိုထူးဆန်းတဲ့အကြည့်နဲ့ ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဖေ....အဖေသင်တာတွေ တစ်ခုမှမဟုတ်ပါဘူး၊ သား သိပ်သိချင်တဲ့အကြောင်းအရာတွေကို အဖြေမသိလို့ နေ့တိုင်း တွေးလာခဲ့တာ ခုထက်ထိပါ အဖေရယ်'

'သား....ဘာတွေများတွေးပြီး အဖြေရှာမရ ဖြစ်နေရတာ လဲ၊ အဖေ့ကိုပြောပြစမ်းပါဦး'

ဒီလိုပါ အဖေ၊ သား ငယ်ငယ်လေးကတည်းက စဉ်းစား ခဲ့တာတွေကလေ အုန်းသီးတွေထဲကို ဘယ်သူ ရေထည့်သွား သလဲ၊အုန်းသီးထဲကအသားကိုဖြူအောင်ဘယ်သူလျှော်ဖွပ်သွား ခဲ့သလဲဆိုတာရယ်'

'ဟေ....'

'ဟော....ဒီမြစ်ကြီးထဲက ရေတွေကို ဘယ်နှစ်ကြိမ်လောက် ငုံပြီးထွေးပစ်ရင် ဘယ်နှစ်ရက်အတွင်း ကုန်ခန်းသွားမလဲ ဆို တာရယ်'

'ဟောဗျာ'

'မေးလေးကိုပွတ်ပြီး နေတာကလေ'

'ဆိုစမ်းပါဦးမဟာပဏ္ဍိတပညာရှိကြီးရဲ'

'အဟင်း....ဟင်း၊ဟောဒီမေးစေ့မှာ ပေါက်နေတဲ့ဆိတ် ဆိတ်မွေးတွေကသော ခေါင်းပေါ်မှာပေါက်နေတဲ့ဆံပင်တွေရဲ့ အမျှင်တွေများ ဖြစ်နေမလားလို့ တွေးနေမိတာပါ အဖေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ၊ မင်းဒါလောက်တောင် သောက်သုံးမကျ ဖြစ်ရ သလားကွာ၊ အုန်းသီးထဲ ဘယ်သူရေထည့်ထည့်၊ မြစ်ကြီးထဲက ရေတွေကို ဘယ်သူပဲငုံထွေးထွေး မင်းအပူလား၊ မေးစေ့ အောက်မှာပေါက်နေတဲ့ဆံပင်၊ အဲ့သေ....မုတ်ဆိတ်မွေးဟာ ဆံပင်ရဲ့အမြစ် ဟုတ်မဟုတ် မင်းမသိဘူးလား၊ ဒါလောက် တောင် အတွေးချော်တဲ့ကောင်ကို မှ ငါ့သမီးနဲ့ ပေးစားမိရ လေခြင်း၊ ကဲကွာ'

သူကြွယ်ကြီးဦးဖိုးလှဟာ သူ့အထင်တကြီးရှိနေခဲ့တဲ့ မောင် ကြွက်နှင့်ကို အိမ်ပေါ်ကနေ ဒေါသတကြီးနဲ့ ကန်ချလိုက်ပါ တော့တယ်ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူများမနာလို ကိုယ်အကျိုးပျက်

ဟိုး ရှေးရှေးတုန်းက အိုးထိန်းသည်တစ်ဦးရှိတယ်။ အဲဒီအိုးထိန်းသည်ဟာ သူများကို မနာလိုတတ်တဲ့ အကျင့်တွေရှိတယ်။

အိုးထိန်းသည်နဲ့ တစ်ရပ်တည်းမှာနေတဲ့ ခဝါသည်တစ်ဦးဟာ ခဝါဖွပ်ခြင်းအလုပ်နဲ့ ကြီးပွားချမ်းသာနေတယ်။ ကို အိုးထိန်းသည် မနာလိုဘူး။

မနာလိုပေမယ့် အေးအေးဆေးဆေးမနေဘူး။ ခဝါသည်ရဲ့ အကျိုး ပျက်စီးရာပျက်စီးကြောင်းကို အမြဲမပြတ် ကြံစည်နေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ အိုးထိန်းသည်ဟာဘုရားဟောသိမြည်ရှင်ဘုရင်ထံကို ဝင်ပြီးလျှောက်သတဲ့။

'အရှင်မင်းကြီးရဲ့ ဆင်တော်ကို ဆင်ဖြူတော် ဖြစ်အောင် ပြုလုပ်ချိုရပါတယ်၊ ကျွန်တော်မျိုး အကြံဥာဏ်ပေးပါရစေ'

'ငါ့ရဲ့စီးတော်ဆင်ကို ဆင်ဖြူတော်ဖြစ်အောင် မောင်မင်းက ဘယ်လိုအကြံမျိုး ပေးမည်လဲ၊ လျှောက်တင်စမ်းပါဦး'

'ခဝါသည်အားခေါ်၍ ဖွပ်ခိုင်းလျှင် ဆင်ဖြူတော် ဖြစ်နိုင်ကြောင်းပါ'

'ကိုင်း...ဒါဖြင့် ခဝါသည်အား ရှေ့တော် မှောက်သို့ သွင်းစေ'

ခဝါသည်ကိုအခေါ်လွှတ်လို့ ဘုရင့်ရှေ့မှောက်ကို ရောက်ခဲ့ရပါတယ်။

'ဟဲ့...ခဝါသည်၊ ငါ့ဆင်ဖြူတော်ကိုဖြူအောင် သင်လျှော်ဖွပ်နိုင်တယ်လို့ သိခဲ့တယ်၊ ငါ့ဆင်တော်ကိုဖြူအောင်ပေါင်းအောင် လျှော်ဖွပ်စေ'

ခဝါသည်ဟာ အိုးထိန်းသည်ရဲ့ အကြံပဲဆိုတာ သိသွား

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ့ဘုရား၊ ဆင်တော်ကိုဖြူအောင် ပေါင်းတင်၍ ဖွပ်ရန် ဖုဥ်းအိုးသာ ပေးသနားတော်မူပါ'

အဲဒီလို လျှောက်တင်တော့ အိုးထိန်းသည်ကို ခေါ်ပြီး....

'အိုးထိန်းသည်၊ ငါ့ဆင်တော်ဖြူအောင် ပေါင်းတင်ဖို့လိုတယ်၊ ဒိုးတော်ကြီးပြုလုပ် ဆက်သစေဗျား'

အဲဒီလို အမိန့်ချမှတ်လိုက်တော့ အိုးထိန်းသည်လည်း တော်တော် အကြံရ ခက်သွားတယ်။

ဆင်ကြီးတစ်ကောင်လုံးဝင်နိုင်ဖို့လုပ်ရမယ့် အိုးကြီးဆိုတာ လွယ်တာမှမဟုတ်တာ၊ အိုးထိန်းသည်ဟာ သူ့ပစ်လိုက်တဲ့မြှား သူ့ဆီပြန်လှည့်လာပြီဆိုတာ သိသွားတယ်၊ သူများအပေါ် စိတ်ကောင်းမမွေးခဲ့တဲ့သူကိုး။ BURMESE CLASSIC

ဘုရင့်အမိန့်နဲ့ဆိုတော့လည်း ဆင်ခြေဆင်လက် မပေးရဲဘူး၊ မညည်းဝံ့ဘူးလေ။ ဒါကြောင့် ဆင်နဲ့တန်အောင် ဖုဥ်းအိုးကြီးတစ်လုံး လုပ်ရတယ်။ လူအင်အားနဲ့ တော်တော်လေးကို ကြာအောင် လုပ်ရတယ်။

အိုးကြီးပြုလုပ်ပြီးတော့ ဆင်တော်ကိုပေါင်းတင်ဖို့ဝင်စေတဲ့အခါ ဆင်ရဲ့အလေးချိန်ကို ခံနိုင်တဲ့ ဖုဥ်းအိုးကြီး ကွဲသွားတယ်။

ဘုရင်ဟာလည်း နောက်တစ်ကြိမ် ပြန်လုပ်ခိုင်းတယ်၊ အိုးထိန်းသည်ဟာ ထပ်ပြီးလုပ်ရပြန်တယ်၊ ဆင်တော်ကို ဝင်စေပြန်တယ်၊ အိုးကြီးလည်း ကွဲပြန်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com


သည်လိုနဲ့ အကြိမ်ကြိမ်အခါခါ ဖျဉ်းအိုးကြီးတွေတစ်လုံး ပြီးတစ်လုံး သွန်းလုပ်ပြီး ဆင်းတော်ဝင်လေတိုင်း မခိုင်ခန့်လို့ ခဏခဏ ပျက်စီးနေရတယ်။

အိုးဆော်လုပ်ဖုတ်ရင်းက မကျက်ဆိုသလို ခဝါသည်ရဲ့ အကျိုး ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်မိတဲ့ အိုးထိန်းသည်ဟာ အချိန်ကုန်အလုပ်ပျက် လူပင်ပန်းနဲ့ နောက်ဆုံးမှာတော့ သူပဲပျက်စီးသွားခဲ့ရတယ်တဲ့ကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဆိတ်ဆိတ်နေ ဆောင်တန်

တစ်ခါတုန်းက ဟိမဝန္တာအရပ်မှာ တောသုံးတောင်ကို အစိုးရတဲ့ ကေသရာဇာခြင်္သေ့မင်းကြီးတစ်ကောင် ရှိတယ်။

သူဟာ မြေခွေးမတစ်ကောင်နဲ့ ပေါင်းဖက်မိပြီး သားငယ်လေးမွေးဖွားခဲ့လေသတဲ့။ မြေခွေးမနဲ့စပ်ပြီး ကြားသားလို့ ဆိုရမှာပေါ့။ သားငယ်အရွယ်ရောက်လာတော့ ဖခင်ခြင်္သေ့မင်းကြီးက ပြောတယ်။

'သားငယ်...သင်ဟာ ခြင်္သေ့စစ်မဟုတ်ဘူး၊ မြေခွေးမရဲ့ အမူအကျင့်တွေပါနေလို့ ဘယ်တော့မှ ဟိန်းဟောက်ခြင်း

www.burmeseclassic.com



'ငါနဲ့ ၊ မဟင်္ဂနီးဟောက်တဲ့ နေနိုင်ခဲ့ရင် ယူဇနာတစ်ထောင် ရှိတဲ့ တောကြီးကို အပိုင်စားပေးမယ်'

'သားတော် မဟင်္ဂနီးဟောက်မိရန် ကြိုးစားပါမည် ခမည်းတော်'

သားတော်ဟာ ကတိပေးလိုက်တယ်။ ဒါပေမယ့် သားတော်လေးဟာ ဘယ်လိုအောင့်အည်းပြီး နေပေမယ့် စိတ်မထိန်းနိုင်ဘူး၊ ဟိန်းဟောက်မိလိုက်တယ်။

ထွက်သာတဲ့အသံက ခြင်္သေ့စစ်စစ် မဟုတ်ဘူး။

'မြွေခွံသိုးပေါက်နေတဲ့ ကပြားခြင်္သေ့ပဲ၊ ငါတို့ ရှိသေလေးစားစရာ မလိုပါဘူး'

တခြားသားကောင်တွေက ဝေဖန်လိုက်ကြတယ်။

ဘယ်သူမှလည်း မရိုသေကြတော့ဘူး။

ခြင်္သေ့လေးကို ယူဇနာတစ်ထောင်ရှိတဲ့ တောင်ကိုအပြီး ဘုရင်အဖြစ်နဲ့ အုပ်ချုပ်နိုင်းလည်း ဘယ်သူကမှ မြွေခွံသိုးပေါက်နေတဲ့ခြင်္သေ့ကို ရိုသေကြမှာ မဟုတ်ဘူး။

www.burmeseclassic.com



ဒါကြောင့် ခြင်္သေ့ကြီးတာယူဇနာတစ်ထောင်ရှိတဲ့ တောကြီးကို မပေးတော့ဘူးတဲ့။

ခြင်္သေ့ကြီးဟာ သားတော်ကို....

သင် ဆိတ်ဆိတ်နေသော် တောတစ်ထောင်ကိုရမယ်၊

ဆိတ်ဆိတ်မနေ၍ တောတစ်ထောင်ကို ဆုံးရှုံးရသည်သားတော်'

လို့ မချီတင်ကဲ ပြောလိုက်သတဲ့ကွယ်။

* * *

ဝင်းချွန်နောင်

www.burmeseclassic.com